# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ...

| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## အထွက်နှုန်းတိုးပြီး အရည်အသွေးကောင်း ပိုးမွှားဒဏ်ခံနိုင်သောစပါးမျိုးများ ထုတ်လုပ်စိုက်ပျိုး

## သာမန်စိုက်ပျိုးထုတ်လုပ်ခြင်းမျိုးမဟုတ်ဘဲ ပြည်ပသို့ထုတ်လုပ်ရောင်းချနိုင်ရေး ရည်မှန်းချက်ထား

## အော်ဂဲနစ်လယ်ယာစိုက်ပျိုးထုတ်လုပ်မှု ကူးပြောင်းနိုင်ရေး ပညာပေးစည်းရုံးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၄

ရန်ကုန်မြို့သို့ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဩဂုတ် ၂၃ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ စံပြစိုက်ပျိုးရေးအထူးဇုန်၌ မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### စံပြစိုက်ပျိုးရေးအထူးဇုန်(၁)

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် နံနက် ၉နာရီခွဲတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စံပြစိုက်ပျိုးရေးအထူးဇုန်(၁) အကွက်အမှတ်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ ခေတ်မီစံပြလယ်ယာစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

**စပါးစိုက်ပျိုး ထုတ်လုပ်မှု အောင်မြင်ရေးအတွက် ကုမ္ပဏီ၊ စိုက်ပျိုးသူ တောင်သူနှင့် ကျွမ်းကျင်သော စိုက်ပျိုးရေးပညာရှင်များ သုံးဦးသုံးဖလှယ် အချိတ်အဆက် မိမိ ပူးပေါင်းဆောင်ရွက်။**



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရန်ကုန်တိုင်းဒေသကြီးရှိ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စံပြစိုက်ပျိုးရေးအထူးဇုန်(၁) အကွက်အမှတ်(၁)ရှိ ဒဂုံအင်တာနေရှင်နယ်လီမိတက်၏ ခေတ်မီစံပြလယ်ယာစိုက်ပျိုးရေးစီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၂၅ ရက်)

## မေတ္တာအခါတော်နေ့ တိုင်းရင်းသားပြည်သူများ မေတ္တာဘာဝနာပွားများ

ယနေ့ဝါခေါင်လပြည့်နေ့သည် ''မေတ္တာအခါတော်နေ့''ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားသည် မေတ္တသုတ်ပရိတ်တော်ကို ဝါခေါင်လပြည့်နေ့တွင် တောနေရဟန်းငါးရာတို့အား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဟောကြားတော်မူခဲ့သည်။

ဂေါတမရှင်တော်မြတ်ဘုရားလက်ထက်တော် အခါတစ်ပါးတွင် ငါးရာသောရဟန်းတော်တို့သည် ဘုရားရှင်တော်ထံမှ ကမ္မဋ္ဌာန်းတရားကို ယူဆောင်လျက် တောအုပ်တစ်ခုအတွင်း ဝါဆိုဝါကပ် ပြုတော်မူကြလေသည်။ ရဟန်းတော်များ၏ သီလအာနိသင်တန်ခိုးကြောင့် တောအတွင်းရှိ ရုက္ခစိုးစသော နတ်အချို့မှာ မိမိတို့၏နေရာရင်းမှာပင်မနေနိုင်ဘဲ ဖယ်ခွာပေးရသည်။ ထို့ကြောင့် ရဟန်းတော်တို့အား ငြိုငြင်အာဃာတဖြင့် အမျိုးမျိုးခြောက်လှန့်သောကြောင့် တရားကိုဖြောင့်မှန်စွာ နှလုံးမသွင်းနိုင်ဘဲ ဝါတွင်းကာလမှာပင် မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့ ပြန်သွားခဲ့ကြရသည်။

မြတ်စွာဘုရားသည် အခြေအနေအရပ်ရပ်ကိုသိရှိပြီးသည်နှင့် မေတ္တသုတ်ကိုသင်ကြားပေးပြီး နေရာဟောင်းသို့ပြန်၍ တရားအားထုတ်ရန် မိန့်တော်မူသည်။ ရဟန်းတို့သည် မေတ္တသုတ်ကို ရွတ်ဆိုဝင်ရောက်လာသည်နှင့် ရုက္ခစိုးနတ်တို့သည် ချစ်ခင်မြတ်နိုးလာပြီး ခရီးဦးကြိုဆိုကြကုန်သည်။ မေတ္တသုတ်ဒေသနာတော်၏ အကျိုးကျေးဇူးဖြစ်သည်။

မေတ္တာဓာတ်သည် အေးမြကြည်လင်၍ ငြိမ်းချမ်းသောသဘောကိုဆောင်သည်။ တစ်ဦးနှင့်တစ်ဦး၊ မိသားစု တစ်စုနှင့်တစ်စု စသည်တို့သည် မေတ္တာစိတ်ဖြင့် ဆက်ဆံကြရမည်ဖြစ်သည်။

ဝါခေါင်လတွင်ပွင့်သောရာသီပန်းသည် ခတ္တာပန်းဖြစ်ပြီး ရာသီပွဲတော်မှာ ''စာရေးတံမဲပွဲ'' ဖြစ်သည်။ စာရေးတံမဲပွဲတော်သည် ဝါခေါင်လ၏ ထင်ရှားသောပွဲ ဖြစ်သည်။ မြန်မာမှုနယ်ပယ်၌ ရှေးစာဆိုများက ဝါခေါင်လကို ၎င်းတို့၏စာပေလင်္ကာများဖြင့် လူးတား၊ လေးချိုး၊ လေးဆစ်၊ သဖြန်၊ လွမ်းချင်း၊ ခွန်းထောက်၊ တေးထပ်တို့ဖြင့် ဂုဏ်ပြုမှတ်တမ်းတင်လာခဲ့ကြသည်။

သို့ဖြစ်ပေရာ ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် တစ်ဦးနှင့်တစ်ဦး အပြစ်မမြင်ချစ်ခင်ကြပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများပွားများ၍ အေးချမ်းတည်ငြိမ်စွာဖြင့် ကျင့်ကြံနေထိုင်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပြည်မြို့၌ လျှပ်စစ်နှင့်ဆောက်လုပ်ရေးဝန်ထမ်းများအား ဝန်ကြီး ဦးခင်မောင်မြင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၄

အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ဩဂုတ် ၂၁ရက် ညပိုင်းက ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လှိုင်နှင့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံသည်။

**မှာကြား**

ရှေးဦးစွာ တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်သူက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဝန်ထမ်းများ အနေဖြင့် မိမိလုပ်ငန်း(တာဝန်)အပေါ် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လက်ခံယူ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၀)ရပ်ကွက် ထွန်းသီရိ ၁လမ်း အမှတ် ၅၂၄/၄/ခ နေ ဦးလှမြင့်-ဒေါ်စိန်စိန် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ် အောင်ယဉ်လိ(ငြိမ်း) လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

## ရေးမြို့နယ်၌ ငါးမျိုးစိုက်ထည့်

ရေး ဩဂုတ် ၂၄

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၄ရက် နံနက် ၈နာရီက ရေးမြို့နယ် အဘော်ကျေးရွာအုပ်စု လယ်သမားကြီး ဦးသန်းရှိန်၏ စပါးခင်း၌ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိုး၊ ရေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းအောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်နှင့် ကျေးရွာလူမှုရေးအသင်းအဖွဲ့များ၊ အစင်ကျေးရွာနှင့် အဘော်ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တောင်သူများ၊ ဒုတိယပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်သိန်း၊ ရေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းသန်းနှင့် ဝန်ထမ်းများတက်ရောက်၍ ငါးမျိုးများစိုက်ထည့်ပေးကြသည်။**(အောက်ပုံ)**

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ရေးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ အဘော်ကျေးရွာအုပ်စု မိုးစပါး ဧက ၁၀၀အတွင်းသို့ ငါးခုံးမကြီး၊ရွှေဝါငါးကြင်း၊ တီလားဗီးယား စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ကျော်ကို မျိုးစိုက်ထည့်ပေးခဲ့သည်။ **(ငါးလုပ်ငန်းဦးစီး)**



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **မေတ္တာတရား** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၈)
- ၈:၃၅ 7 Golden Girls Live Show (Part-3)
- ၉:၃၀ ရှင်တော်မဟာမုနိ···· ဘဂဝါပူဇေမိ
- ၉:၄၅ အားကစားမြင်ကွင်းစုံ မြတ်သူရ၊ ကျော်ကျော်ဗို၊ မင်းသွေး
- ၁၀:၂၅ စုံညီအာဟာရပြည့်စုံရေး ကျောင်းကျန်းမာရေးလှုပ်ရှားပေး
- ၁၀:၅၀ Industrial Talk [ဒေါ်ယဉ်ယဉ်ဦး၊ ဒေါက်တာ အောင်ဇော်၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
- ၁၁:၂၅ ဓာတ်ပုံထဲမှ အမှတ်တရများ (တင်မိုးလွင်) (အပိုင်း-၂)
- ၁၁:၅၀ လှပသောအနာဂတ်ရောင်စဉ်တန်းများဖြင့်မီးပန်းပွဲတော်
- ၁၂:၀၅ Omega-3 Fatty acids
- ၁၂:၂၀ **ဇီဝိတဒါနသွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့** ၄က်ပျောကြော်၊ ချစ်သုဝေ၊ မိုးယုစံ၊ မီးမီးသုခ (ဒါရိုက်တာ-ကိုရွှေမိုးသက်)
- ၁၂:၃၅ ကြည်နူးဖူးမဝလေပြီ···· ကျိုက်မရောမြို့၏ ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည်
- ၁:၀၀ **မေတ္တာတရား** တရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (ကိုယ့်မိန်းမကို အမှန်အတိုင်းပြောတာကောင်းတယ်၊ ကိုယ့်မိန်းမကို အမှန်အတိုင်းမပြောတာကောင်းတယ်)
- ၃:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၈)
- ၄:၂၅ ကုသိုလ်ရှန့်တို့သင်းပျံ့လှိုင်···· Golden Lamps အမွေးတိုင်
- ၄:၄၀ စုံညီအာဟာရပြည့်စုံရေး ကျောင်းကျန်းမာရေးလှုပ်ရှားပေး
- ၅:၀၅ ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
- ၅:၂၀ လှပသောအနာဂတ်ရောင်စဉ်တန်းများဖြင့်မီးပန်းပွဲတော်
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (တင်မိုးလွင်) (အပိုင်း-၂)
- ၆:၄၀ 2010 Summer Youth Olympics
- ၇:၀၀ 7 Golden Girls Live Show (Part-3)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (ကိုယ့်မိန်းမကို အမှန်အတိုင်းပြောတာကောင်းတယ်၊ ကိုယ့်မိန်းမကို အမှန်အတိုင်းမပြောတာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၈)
- ၁၀:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၂၅ Sports World
- ၁၀:၅၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (စိန်သစ်)
- ၁၁:၂၅ Industrial Talk
- ၁၁:၅၅ ကွန်ရက်ပမာယုက်သွယ်ဖြာ
- ၁၂:၀၅ **မေတ္တာပန်းတို့ မွှေးပျံ့စေ** ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ အကယ်ဒမီချိုပြုံး (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
- ၁၂:၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**



## ပန်းအလှပင်များ စိုက်ပျိုး

ဆိပ်ဖြူမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် ဗိုလ်ချုပ်လမ်း တစ်လျှောက် လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို ဇူလိုင် ၃၁ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



❍ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ရှင်းလင်းဆောင်၌ ကုမ္ပဏီမှ ဒါရိုက်တာ ဦးကျော်ဇောအောင်က ဖိလစ်ပိုင်နိုင်ငံရှိ International Rice Research Institute (IRRI) မှ ပေးပို့သည့် စပါးမျိုးသစ်ငါးမျိုးနှင့် မြန်မာနိုင်ငံ၌ တွင်ကျယ်စွာ စိုက်ပျိုးလျက်ရှိသော စပါးမျိုး သုံးမျိုးတို့အား စမ်းသပ်စိုက်ပျိုးထုတ်လုပ်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာ ဦးတင်အောင်ဝင်းက စံပြစိုက်ပျိုးရေး အထူးဇုန်(၁)တွင် လုပ်ငန်းများဆောင်ရွက်နေသောကုမ္ပဏီများ၏ မိုးစပါးစိုက်ပျိုးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများက စံပြစိုက်ပျိုးရေးအထူးဇုန်၌ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှု၊ မိုးစပါး နွေစပါးစိုက်ပျိုးမှုနှင့် ကုန်ထုတ်လမ်းများ ဖောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ပံ့ပိုးဖြည့်ဆည်း

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးပြီး စိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည့် ပျိုးပင်များအတွက် ဗန်းများဖြင့် ပျိုးထောင်မှု၊ ပင်မရေပေးတူးမြောင်းမှ စိုက်ခင်းများသို့ ရေပေးဝေနေမှုနှင့် မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စံပြစိုက်ပျိုးရေး အထူးဇုန်(၁)၌ ကုမ္ပဏီများ၏ မိုးစပါးစိုက်ပျိုးထားရှိမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး စံပြစိုက်ပျိုးရေး အထူးဇုန်(၂)ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ ခေတ်မီစံပြလယ်ယာစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား စီမံကိန်းရှင်းလင်းဆောင်တွင် အထူးဇုန်(၂)၌ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသော ကုမ္ပဏီများမှ တာဝန်ရှိသူများက ကုမ္ပဏီအလိုက် စပါးစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ဖြည့်စွက်တင်ပြ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က အထူးဇုန်(၂)၌ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားမှုနှင့် ကုန်ထုတ်လမ်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။





**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရန်ကုန်တိုင်းဒေသကြီး စံပြစိုက်ပျိုးရေး အထူးဇုန်(၂)ရှိ ရွှေနဂါးမင်းကုမ္ပဏီလီမိတက်၏ မိုးစပါး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စံပြစိုက်ပျိုးရေး အထူးဇုန်(၁)၌ ဒဂုံအင်တာနေရှင်နယ်လီမိတက်က ဆောင်ရွက်လျက်ရှိသည့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမည့် ပျိုးပင်များအတွက် ဗန်းများဖြင့် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးချုပ်သည် ကုမ္ပဏီ၏ မိုးစပါးစိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ရေထိန်းတံခါးသို့ ရောက်ရှိရာ နိုင်ငံတော်ဝန်ကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကံညွှန့်က စံပြစိုက်ပျိုးရေး အထူးဇုန်(၂)အတွင်းရှိ လယ်မြေများအတွက် နွေစပါး စိုက်ပျိုးရေလုံလောက်စွာ ထိန်းသိမ်းပေးဝေနိုင်ရန်၊ ပဲခူးမြစ် ဒီရေဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်နှင့် မိုးရာသီတွင် လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ပြီး ရေတော်မိုးတော် လယ်မြေများအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ရန်အတွက် ရေထိန်းတံခါးတည်ဆောက်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

## ဖြည့်ဆည်းမှာကြား

တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး စံပြစိုက်ပျိုးရေး အထူးဇုန်(၂)မှ ပြန်လည် ထွက်ခွာသွားသည်။

## ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ်သည် စံပြစိုက်ပျိုးရေး အထူးဇုန်များရှိ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် အထွက်နှုန်းတိုးပြီး အရည်အသွေးကောင်း၍ ပိုးမွှားဒဏ်ခံနိုင်သော စပါးမျိုးများ ထုတ်လုပ်စိုက်ပျိုးရန်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် ပညာရှင်များ၏ စွမ်းအားကို ရယူရန်လိုအပ်ကြောင်း၊ စပါးစိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ရေးအတွက် ကုမ္ပဏီ၊ စိုက်ပျိုးသူတောင်သူနှင့် ကျွမ်းကျင်သော စိုက်ပျိုးရေးပညာရှင်များ သုံးဦးသုံးဖလှယ် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

## ပညာပေးစည်းရုံး

မိမိတို့နိုင်ငံနှင့် နိုင်ငံသားများ ကြီးပွားတိုးတက်မည့်နည်းလမ်းများ အစဉ်ကြံဆဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် သာမန်စိုက်ပျိုးထုတ်လုပ်ခြင်းမျိုးမဟုတ်ဘဲ ပြည်ပသို့ဆန်စပါး ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီများဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်ထားဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းနှင့် အော်ဂဲနစ် လယ်ယာစိုက်ပျိုးထုတ်လုပ်မှု ကူးပြောင်းနိုင်ရေးအတွက် တောင်သူလယ်သမားများအား ကျယ်ကျယ်ပြန့်ပြန့် ပညာပေး စည်းရုံးဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**(သတင်းစဉ်)**

---

အနုပညာနှင့် လူမှုပုံရိပ် အနုပညာနှင့် လူမှုပုံရိပ် အနုပညာနှင့် လူမှုပုံရိပ် အနုပညာနှင့် လူမှုပုံရိပ်

# အသက် ၈၈ နှစ် မင်းသမီးကြီး ဘက်တီဝှိုက် အမ်မီရုပ်ရှင်ထူးချွန်ဆု ခြောက်ကြိမ်မြောက်ရရှိ

ကောင်းမြတ်သူ ရေးသားသည်

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၄**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာ အခြေစိုက်တဲ့ အမ်မီရုပ်ရှင်ထူးချွန်ဆုပေးတဲ့အဖွဲ့က ဒီနှစ်အတွက် အမ်မီရုပ်ရှင်ထူးချွန်ဆုတွေကို ကြေညာလိုက်ပါတယ်။ အဲဒီအထဲမှာ အသက် ၈၈နှစ်အရွယ် မင်းသမီးကြီး ဘက်တီဝှိုက်ဟာ အမ်မီဆုကို ခြောက်ကြိမ်မြောက်အဖြစ် ထူးထူးခြားခြား ရရှိလိုက်ပါတယ်။

အဆိုပါ ဆုပေးပွဲကို ဩဂုတ် ၂၉ရက်နေ့ကျရင် လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပမှာဖြစ်ပါတယ်။

## အများဆုံး

ဒီဆုကိုတော့ ၁၉၄၉ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှာ စတင်ပေးခဲ့ကြောင်း သမိုင်းအရ သိရပါတယ်။ ဒီဆုကို ဘက်တီဝှိုက်ဟာ ထူးထူးခြားခြား အများဆုံး ဆွတ်ခူးနိုင်ခဲ့တဲ့ အသက်အကြီးဆုံး အမျိုးသမီးရုပ်ရှင်သရုပ်ဆောင် ဖြစ်ပါတယ်။

အဘွား ဘက်တီဝှိုက်ဟာ ဖွဲ့ လုံ့လနဲ့ သူတတ်တဲ့ အနုပညာနဲ့ လောက လူသားကောင်းကျိုးအတွက် တိုင်းကျိုးပြည်ဆောင် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးနေဆဲပါ။

## ဆဋ္ဌမမြောက်ဆု

ဒါကြောင့်လည်း အဘွားဘက်တီဝှိုက်ကို ဒီနှစ်အတွက် အမ်မီရုပ်ရှင်ထူးချွန်ဆု ပေးအပ်ခဲ့ကြောင်း သိရပါတယ်။ သူမဟာ Saturday Night Live ဇာတ်ကားနဲ့ ဆွတ်ခူးနိုင်ခဲ့တာပါ။ ဒီဆုဟာ အဘွားဘက်တီဝှိုက်ရဲ့ ဆဋ္ဌမမြောက်ဆုဖြစ်ပါတယ်။



အဘွားဘက်တီဝှိုက်ဟာ ၁၉၈၅ ခုနှစ်က The Golden Girls ဇာတ်ကားနဲ့ ဆုရပြီး ၁၉၈၈ ခုနှစ်မှာတော့ Empty Nest ဇာတ်ကားနဲ့ အမ်မီဆုရခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်မှာတော့ Nurses ဇာတ်ကားနဲ့ ဆုရပြီး ၁၉၉၂ခုနှစ်မှာ The Golden Palace ဇာတ်ကားနဲ့ အမ်မီဆု ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ၁၉၉၇ခုနှစ်မှာတော့ Suddenly Susan ဇာတ်ကားနဲ့ ဆုရရှိခဲ့ပါတယ်။

ယခုနှစ်မှာတော့ အဘွားဘက်တီဝှိုက်ဟာ Saturday Night Live ဇာတ်ကားနဲ့ အမ်မီဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။

## စတင်ခဲ့

အဘွားဘက်တီဝှိုက်ဟာ အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် အုတ်ခ်ပတ်ခ်မြို့သူဖြစ်ပါတယ်။ ငယ်စဉ်က ရုပ်ရှင်နဲ့ ဂီတကို ချစ်မြတ်နိုးခဲ့ပြီး သူမရဲ့ အနုပညာရှင်ဘဝကို ရုပ်မြင်သံကြားဇာတ်လမ်းနဲ့



စတင်ခဲ့တယ်လို့ သိရပါတယ်။ သူမဟာ ရုပ်ရှင်နဲ့ဂီတမှာသာ အောင်မြင်ကျော်ကြားခဲ့သူမဟုတ်ဘဲ စာပေမှာလည်း အောင်မြင်ခဲ့သူဖြစ်ပါတယ်။ သူမရဲ့ဘဝမှာ အလွန်လူကြိုက်များတဲ့ စာအုပ်လေးအုပ်ကိုလည်း ရေးသားထုတ်ဝေနိုင်ခဲ့ပါကြောင်းရေးသား တင်ပြလိုက်ရပါတယ်။ ။

**ကိုးကား- အင်တာနက်**

25-8 (03).pmd 1 8/25/2010, 2:50 AM

# ဓမ္မပူဇာတရားရတနာ၊ ဓမ္မပူဇာအလင်္ကာနှင့် နိုင်ငံအကျိုးပြုတေးသီချင်းများ ရေးစပ်တင်ဆက်ခြင်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော

## အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

**အမှာစကားပြောကြား**

မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့သော ဓမ္မပူဇာတရားရတနာ၊ ဓမ္မပူဇာအလင်္ကာနှင့် နိုင်ငံအကျိုးပြုတေးသီချင်းများ ရေးစပ်တင်ဆက်ခြင်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)





ရန်ကုန် ဩဂုတ် ၂၄

**မြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့်ဆောင်ရွက်ခဲ့သော ဓမ္မပူဇာတရားရတနာ၊ ဓမ္မပူဇာအလင်္ကာနှင့် နိုင်ငံအကျိုးပြုတေးသီချင်းများ ရေးစပ်တင်ဆက်ခြင်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို (A)ခန်းမ၌ ကျင်းပရာ မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။**



**မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့သော ဓမ္မပူဇာတရားရတနာနှင့် ဓမ္မပူဇာအလင်္ကာ ဓမ္မတေး ထုတ်လုပ်ခြင်းနှင့် နိုင်ငံအကျိုးပြုတေးသီချင်းတင်ဆက်မှုအစီအစဉ်တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။** (သတင်းစဉ်)

### တက်ရောက်

အခမ်းအနားသို့ မြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ စာပေ၊ ဂီတနှင့် ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ နိုင်ငံအကျိုးပြုတေးသီချင်းများ ရေးစပ်တင်ဆက်ခြင်း အစီအစဉ်ကို ခေတ်ပေါ်သံစဉ် တေးဂီတများ၊ မြန်မာသံစဉ်တေးဂီတများ ပိုမိုထုတ်လုပ်ပြီး မြန်မာသံစဉ်တေးဂီတများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ဂီတဖြင့် အကျိုးပြုနိုင်ရေး၊ ဂန္ထဝင်တေးဂီတများ၊ ဂန္ထဝင်ဂီတ တေးရေးဆရာများ၊ ဂန္ထဝင်တေးဂီတမှုများ ပေါ်ပေါက်လာစေရေး စသည့် ရည်ရွယ်ချက် (၃)ရပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

### ရေးသားစပ်ဆို

တေးသီချင်းများ ရေးစပ်နိုင်ရန်အတွက် ရည်ညွှန်း ( THEMES) (၅)ချက် ကိုလည်း သတ်မှတ်ပေးခဲ့ကြောင်း၊ ယင်းတို့မှာ (၁)သွေးကွဲခြင်း အန္တရာယ်၊ (၂) အနာဂတ်နိုင်ငံတော်၊ (၃) အသိတရားနှင့်ယှဉ်၊ သတိတရားနှင့်ပေါင်းစပ်၊ (၄) ပြည်ထောင်စု၊ (၅) မြန်မာ့အလှတို့ ဖြစ်ကြောင်း၊ ဖော်ပြပါရည်ရွယ်ချက် (၃)ရပ်နှင့် ရည်ညွှန်း (THEMES) (၅)ချက်အပေါ် မြန်မာမှုတေးဂီတအဖွဲ့ ခုနစ်ဖွဲ့၊ ရေဒီယိုကာလပေါ် အသံလွှင့်အဖွဲ့ ၁၆ ဖွဲ့၊ မြို့နယ်ဂီတအစည်းအရုံးများနှင့် ဝါသနာရှင်အဖွဲ့ ကိုးဖွဲ့၊ စတီရီယိုတေးဂီတအဖွဲ့ ၁၈ဖွဲ့ စုစုပေါင်း တေးဂီတအဖွဲ့ ၅၀က တေးသီချင်း ပုဒ်ရေ ၂၀၅ ပုဒ်ကို စိတ်အားထက်သန်စွာ ရေးသားစပ်ဆိုခဲ့ကြကြောင်း။

အဆိုပါ ရေးသားစပ်ဆိုခဲ့ကြသည့် တေးသီချင်းများအနက် ထူးခြားသည့် တေးသီချင်းအချို့ကို ဂုဏ်ပြုချီးမြှင့်ပြီး ကျန်တေးသီချင်းများအားလုံးကိုလည်း မှတ်တမ်းတင် ဂုဏ်ပြုသည့်အပြင် ရုပ်မြင်သံကြား အစီအစဉ်၊ ရေဒီယိုအစီအစဉ်နှင့် FMရေဒီယို အစီအစဉ်များတွင် တင်ဆက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း။

ထို့အပြင် တိုင်းပြည်နှင့်လူမျိုးအတွက် အစဉ်အမြဲ မှန်ကန်လိုအပ်နေသည့် အချက်များဖြင့် ရေးသားဖော်ကျူးထားပြီး ရုပ်/သံ အစီအစဉ်များမှ အကြိမ်ကြိမ် ထပ်တလဲလဲ ထုတ်လွှင့်နေရဆဲဖြစ်သော နိုင်ငံအကျိုးပြု တေးသီချင်းဟောင်းများအတွက်လည်း ဂုဏ်ပြု ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

### ဂုဏ်ပြုချီးမြှင့်

ဓမ္မပူဇာတရားရတနာ၊ ဓမ္မပူဇာအလင်္ကာ အစီအစဉ်များ ထုတ်လုပ်ရာတွင် ပါဝင်ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များကိုလည်း ဤအခမ်းအနား၌ ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ်ကြောင်း။

ဓမ္မပူဇာတရားရတနာ၊ ဓမ္မပူဇာအလင်္ကာနှင့် နိုင်ငံအကျိုးပြု တေးသီချင်းများ ရေးသားတင်ဆက်သည့် အစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် တေးရေး၊ တေးဆို ပညာရှင်များ၊ ဂီတပညာရှင်များနှင့် တီးဝိုင်းအဖွဲ့များ၊ ရိုက်ကူး၊ အသံဖမ်း ပညာရှင်များ၊ သရုပ်ဆောင်အနုပညာရှင်များအား အထူး ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက ဓမ္မပူဇာတရားရတနာနှင့် ဓမ္မပူဇာအလင်္ကာ ဓမ္မတေးထုတ်လုပ်ခြင်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော သာသနာရေးဦးစီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ တိပိဋကနိကာယ အနုပညာရှင်အဖွဲ့ဝင်များ၊ ဓမ္မပူဇာအလင်္ကာသံစဉ် ဖန်တီးဆောင်ရွက်ပေးသူ ဂီတပညာရှင်များနှင့် စက်မှုပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးက ၂၀၁၀ခုနှစ် နိုင်ငံအကျိုးပြု တေးသီချင်းများ တင်ဆက်မှုအစီအစဉ်တွင် အကြိုက်ဆုံးတေးသီချင်းများနှင့် လက်ရွေးစင်တေးသီချင်းများအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော အနုပညာရှင်များ၊ တေးဂီတအဖွဲ့များနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက နိုင်ငံအကျိုးပြု တေးသီချင်းများ ရေးစပ်တင်ဆက်ခြင်းတွင် ပါဝင်ကူညီ ဆောင်ရွက်ခဲ့ကြသော တေးရေးစပ်သူ ဂီတပညာရှင်များ၊ ရုပ်ရှင်နှင့်ဂီတအနုပညာရှင်များအားလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က နိုင်ငံအကျိုးပြုတေးသီချင်းများ ရေးစပ်တင်ဆက်ခြင်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော ဂုဏ်ပြုတေးရေးစပ်သူ ဂီတပညာရှင်များ၊ တေးသီချင်းသီဆိုသူ တေးသံရှင်များ၊ သရုပ်ဆောင်အနုပညာရှင်များ၊ တေးသရုပ်ဆောင်နှင့် ပါဝင်ကူညီသူများ၊ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၊ နိုင်ငံတော်ဆိုင်းဝိုင်းအဖွဲ့၊ အသံဖမ်းစက်မှုနှင့် ရိုက်ကူးရေးဝန်ထမ်းများ၊ ပြင်ပစက်မှုပညာရှင်များအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အနုပညာရှင်များကိုယ်စား မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးမောင်မောင်လတ်က ကျေးဇူးတင်စကား ပြောကြားသည်။

### ဖျော်ဖြေတင်ဆက်

ယင်းနောက် အနုပညာရှင်များက နိုင်ငံအကျိုးပြု တေးသီချင်းများကို အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့၊ မိုးသောက်ပန်းတေးဂီတအဖွဲ့တို့နှင့်တွဲဖက်၍ ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဦးကျော်ဆန်းသည် အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ

### ဒုတိယအဆင့်အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌ (ခ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌ (ခ)အုပ်စုမှ သတ္တုတွင်းဝန်ကြီးဌာနအသင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

### ယှဉ်ပြိုင်ကစားမည်

ဩဂုတ် ၂၅ ရက်ပွဲစဉ်များအဖြစ် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌(ဂ) အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ဂ)အုပ်စုမှ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် သမဝါယမဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

**၂၄-၈-၂၀၁၀**

| | |
|---|---|
| နေပြည်တော်ခရိုင်ပျဉ်းမနားမြို့နယ် | စစ်တွေမြို့ |
| ဝ၃သမ ၂၀လက်မ | ၄၃သမ ၁၉လက်မ |
| လောင်းလုံမြို့ | ပလက်ဝမြို့ |
| ၄၃သမ ၆၅လက်မ | ၂၃သမ ၃၂လက်မ |
| | မြိတ်မြို့ |
| | ၂၃သမ ဝ၁လက်မ |
| | ခရမ်းမြို့ |
| | ၁၃သမ ၆၅လက်မ |



## Safeguard ဆပ်ပြာ မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၄**

Pahtama Group Co., Ltd.က တင်သွင်းဖြန့်ချိသော Safeguard Anti-Bacterial အမှတ်တံဆိပ်ဆပ်ပြာ မိတ်ဆက်ပွဲကို ဩဂုတ် ၁၅ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel (Ballroom) ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ Pahtama Group ၏ Operation Director ကိုဖြိုးမင်းကျော်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး စီးပွားရေးမန်နေဂျာ မမိုမိုဘုန်းမော်က Safeguard ကုန်ပစ္စည်းအကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားရာ Safeguard ဆပ်ပြာမှာ ကူးစက်ရောဂါဆိုးငါးမျိုးဖြစ်သည့် အအေးမိခြင်း၊ ဝမ်းလျှောခြင်း၊ ယားယံခြင်း၊ နမိုးနီးယားဖြစ်ခြင်း၊ ချောင်းဆိုးခြင်းတို့ကိုဖြစ်စေနိုင်သော ဘက်တီးရီးယားများအား ကာကွယ်ပေး ဖယ်ရှားပေးနိုင်ကြောင်း၊ အရောင်၊ အနံ့ အမျိုးအစားစုံလင်စွာ ထုတ်လုပ်ထားခြင်းကြောင့် မိမိကြိုက်နှစ်သက်သည့် မွှေးရနံ့ကို ရွေးချယ်သုံးစွဲနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အကြီးတန်း အရောင်းမန်နေဂျာ ကိုကျော်သူမြင့်က တက်ရောက်လာကြသည့် ကုန်သည်ကြီးများအတွက် အထူးအရောင်းအစီအစဉ်များကို ရှင်းလင်းပြောကြားကြောင်း သိရှိရသည်။

(သတင်းစဉ်)



# ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများ ဝန်ကြီး ဒေါက်တာကျော်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၄

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဩဂုတ် ၂၃ရက် နံနက်၉နာရီခွဲက ရန်ကုန်မြို့ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းနှင့် ပါမောက္ခ ဌာနမှူးများက လိုက်လံရှင်းလင်းပြသကြသည်။** (အပေါ်ပုံ)

## ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာ တင့်ဆွေလတ်နှင့် ပါမောက္ခ ဌာနမှူးများအား တွေ့ဆုံရာ ပါမောက္ခချုပ်က ဆေးပညာ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စာသင်ဆောင်များ ဆောက်လုပ်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေး မှာကြားသည်။



## ကြည့်ရှုစစ်ဆေး

ယင်းနောက် ဆေးတက္ကသိုလ်(၂) ရန်ကုန်စာသင်ဆောင်အသစ် ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသားဆေးကုသဆောင်၊ အမျိုးသမီးဆေးကုသဆောင်၊ အထူးကြပ်မတ်ကုသခန်း၊ နှလုံးဆေးကုသဆောင်နှင့် အထူးကြပ်မတ်လူနာကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် သဃ်န်းကျွန်း စံပြဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျောက်တန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး (စည်ပင်ပြင်ပ) နှင့် ကျောက်တန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က ၂၀၁၀ ခုနှစ်အတွက် အဖွဲ့ဝင်၊ အရန်အဖွဲ့ဝင် သားသမီးများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ရက် နံနက် ၁၀ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပသည်။

## ထောက်ပံ့ငွေပေးအပ်

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးတင်စိုး (ငြိမ်း) က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး (စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းအဖွဲ့၏ ထောက်ပံ့ငွေကျပ် ၂၂၀၀၀၀နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ထောက်ပံ့ငွေကျပ် ၁၂၆၀၀၀ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့မှ ကိုယ်စားလှယ် တစ်ဦးထံ ပေးအပ်ခဲ့သည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)




# တတိယအကြိမ် ယာဉ်စည်းကမ်း လမ်းစည်းကမ်းစာတမ်းဖတ်ပွဲ ကျင်းပရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၂၄

တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစာတမ်းဖတ်ပွဲ ကျင်းပနိုင်ရေး ပထမအကြိမ် အစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း ဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ဗဟို)မှ တာဝန်ရှိသူများ၊ ခရီးသည်တင် ယာဉ်လိုင်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း တိုက်ကြီးမြို့နယ်၌ဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်အတွင်းရှိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဩဂုတ်၂၂ရက် နံနက် ၈နာရီက တိုက်ကြီး အထက အနော်ရထာခန်းမ၌ ဖွင့်လှစ်သည်။



## ရှင်းလင်းပြောကြား

အဆိုပါ သင်တန်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲဝင် တိုက်ကြီးမြို့နယ်တာဝန်ခံ ဦးမြင့်စိုး**(ဝဲပုံ)**က သင်တန်းဖွင့် အမှာစကားပြောကြားပြီး တိုက်ကြီးမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ အုပ်စုများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**(မြို့နယ်ကော်မရှင်အဖွဲ့ခွဲ)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# သာစည်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

သာစည်မြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၅ရက်က ရန်ကင်းမြို့နယ် (၁၁)ရပ်ကွက် ကံဘဲ့ဘုတာရုံလမ်းရှိ အောင်ချမ်းသာကျောင်းတိုက်၌ ကျင်းပရာအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကား ပြောကြားပြီး ဘဏ္ဍာရေးမှူး ဦးထွန်းလွင်က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အသင်းဝင်သက်ကြီးဘိုးဘွားများအား လှူဖွယ်ပစ္စည်းတို့ဖြင့် ပူဇော်ကန်တော့ကြပြီး ဘိုးဘွားများကိုယ်စား ဆရာမကြီး ဒေါ်မြညွန့်က ဩဝါဒစကား ချီးမြှင့်ကာ နာယက ဦးလှမိုးနှင့် ဥက္ကဋ္ဌတို့က အသင်းဝင် ဦးစိုးမြင့်-ဒေါ်ခင်လေးရီ (နယူးရွှေစင် စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဒုံဈေး)တို့၏သား ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သုံးဘာသာဂုဏ်ထူးရှင် မောင်စွမ်းလူအား အမှတ်တရဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

**ဩဂုတ် ၁၅ရက်က ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးနှင့်အဖွဲ့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဈေးအတွင်းရှိ ရေကန်ကို ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



# မြန်မာနယူးစ်ဝိခ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၄

၁၅သိန်းနှစ်ခါကံမကောင်းခဲ့တဲ့ ကားဝယ်ရောင်းတစ်ဦး၊ သရုပ်ဆောင်မျိုးစန္ဒီကျော်၏ ခင်ပွန်းဖြစ်သူရဲ့ ရင်တွင်းစကားသံများ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ် ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၂)ကို ဖြန့်ချိလိုက်သည်။

ဒီမိုကရက်တစ်ပါတီ(မြန်မာ) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်ရုံးသို့ အကြောင်းကြားစာပေးပို့၊ နိုင်ငံရေးပါတီအချို့၏ လက်ကမ်းစာအုပ်များ ထုတ်ဝေခွင့်ရရှိသော်လည်း ပုံနှိပ်တိုက်အများစုက ရိုက်နှိပ်ပေးခြင်းမရှိ၊ သတိထားရမယ့်ကြောင်ပါးများနှင့် လူကုန်ကူးမှုကို သွယ်ဝိုက်ဖန်တီးနေသောသူများ၊ ရိုးရိုးမြေကြီးကို ဓာတုဗေဒပစ္စည်းများဖြင့် ပေါင်းစပ်ကာ အဆင့်မြင့်လမ်းခင်းနည်းစနစ်ကို ဩစတြေးလျနှင့် မလေးရှားမှပညာရှင်များ လာရောက်စမ်းသပ်ပြမည်၊ ဘုရင့်နောင်ပွဲရုံကုန်တင်ယာဉ်ရပ်နားစခန်းမှ စက်သုံးဆီ အရောင်းဆိုင်များကို ဆီရောင်းချခွင့်ပိတ်သိမ်း၊ ရုပ်သံအင်တာနက်တယ်လီဖုန်းတို့ကို ကြိုးတစ်ချောင်းတည်းဖြင့် အသုံးပြုနိုင်သည့် FTTX စနစ် မကြာမီအသုံးပြုနိုင်တော့မည်၊ အဆင့်မြင့်ရော်ဘာကုန်ကြမ်းစက်ရုံ မြန်မာနိုင်ငံတွင်တည်ဆောက်ရန် မလေးရှားကုမ္ပဏီတစ်ခုစီစဉ်နေ၊ ရန်ကုန်မြို့တွင် ထုတ်ပေးသော ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများကို မန္တလေးမြို့တွင် အသုံးပြုရန် စီစဉ်နေ၊ ထိုင်းဗီဇာကြေးကင်းလွတ်ခွင့်ပြုပြီးနောက်ဝယ်၊ မလေးရှားလေကြောင်းလိုင်းမှ လေယာဉ်လက်မှတ်ဈေးနှုန်းများ လျှော့ချပေးသကဲ့သို့ Asian Pass အစီအစဉ်ကိုလည်း ထည့်သွင်းပေးထား၊ ချင်းပြည်နယ်တောင်ပိုင်းတွင် ကွက်များအုပ်စုလိုက်ပြောင်းရွှေ့၊ မြန်မာနိုင်ငံမှ ချင်းလူမျိုးဘောလုံးသမားလေး ဩစတြေးလျနိုင်ငံ ဝိတိုရိယပြည်နယ် ဘောလုံးအသင်းအတွက် ရွေးချယ်ခံရ၊ အင်္ဂါဂြိုဟ်သည် လတစ်စင်းကဲ့သို့ ထွန်းလင်းနေမည်ဟု အွန်လိုင်းဖော်ပြချက်မှာ ကောလာဟလဖြစ်၊ တရုတ်နိုင်ငံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူမှ ရောင်ခြည်တော်ကွန့်မြူး၊ အစ္စရေးစစ်ပွဲအတွက် အယ်လ်ခိုင်ဒါ စီစဉ်နေ၊ ပြည်ပနိုင်ငံများသို့ လက်နက်များတရားမဝင်တင်ပို့မှုဖြင့် ဘလက်ဝါးတားတစ်ဖြစ်လဲ စီ(Xe) ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီ ဒဏ်ငွေ ဒေါ်လာ ၄၂သန်းပေးဆောင်ရ၊ အစ္စရေးက နောက် ၁၂လအတွင်း အီရန်ကိုဖုံးကြဲနိုင်ကြောင်း အမေရိကန်မဂ္ဂဇင်းရေးသား၊ အစ္စရေးက အီရန်ကိုတိုက်ခိုက်လာလျှင် အိုဘားမား သမ္မတသက်တမ်းအဖြစ် တစ်ကြိမ်သာရပ်တည်နိုင်မည် စသည့်နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

**(သတင်းစဉ်)**

## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)**

**၂၆-၈-၂၀၁၀**

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇:၀၅ တရားတော်-တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ တရားတော် (မောရသုတ်+ဂုဏ်တော်ကွန်ချာ)
- ၇:၃၀ ဓမ္မပူဇာတေးပဒေသာ (၃၈)ဖြာမင်္ဂလာ
- ၇:၃၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်း
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၀ လောကနီတိအသိရှိစေဖို့ (နှလုံးလှ အဆုံးအမတော်များ)
- ၈:၃၅ တေးပဒေသာ
- ၁၀:၀၀ သောတရှင်လိုရာတေး
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၂၅ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ဖြူဖြူကျော်သိန်း)
- ၁၁:၄၅ သိပ္ပံပညာသိကောင်းစရာ **သိပ္ပံသတင်းအတိုအထွာ**
- ၁၁:၅၅ တေးသီချင်း
- ၁၂:၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
- ၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့မဟာဂီတ)
- ၁၂:၃၀ Music Talk၊ တေးပဒေသာ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ တေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၃၀ အမှတ်တရတေးလက်ဆောင်
- ၁၇:၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (ပန်းများကိုပွင့်စေသူ) တေးပဒေသာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ ရေဒီယိုဇာတ်လမ်းတွဲများ နှလုံးသား အကွာရာ **(ဇာတ်သိမ်းပိုင်း)**
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ ညနေခင်းတေးပဒေသာ
- ၁၈:၂၅ ကျေးလက်ဇာတ်လမ်း **(ကျွက်ကျွက်ရယ်တဲ့မှည့်)**
- ၁၈:၄၅ ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၁၉:၀၀ နိုင်ငံတကာသတင်း
- ၁၉:၀၅ ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
- ၁၉:၃၀ သုတစုံကြွယ်သိစေဖွယ် (လမ်းလျှောက်ကြပါစို့)
- ၁၉:၄၀ ရေဒီယိုအတိုတ်တေးအရိပ်
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (သရုပ်ဆောင်မင်းမော်ကွန်းတို့ မိသားစု)
- ၂၀:၅၀ သူ့လက်သံ (စန္ဒရားလှထွဋ်ရဲ့ စန္ဒရားလက်သံ) စီးပွားရေးဦးတည်ချက်
- ၂၁:၀၀ ဆောင်းပါး (အပြုအမူပြောင်းလဲခြင်း)
- ၂၁:၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂:၀၀ အစီအစဉ်ပြီး၏။

# ပညာဉာဏ်ထူးချွန်ပြီး လိမ္မာယဉ်ကျေးသော နိုင်ငံ့သားကောင်းများ ဖြစ်ထွန်းလာရေး လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် ဥယျာဉ်မှူးကောင်းအဖြစ် ကြိုးပမ်းအားထုတ်

## နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်းနှင့် အနာဂတ်အလားအလာများကို အမျိုးသားရေးရှုထောင့်မှ သိမြင်ခံယူပြီး နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ်အစဉ်ရပ်တည်

### အမှာစကား ပြောကြား

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၃၈)ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၄

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၃၈) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ရှိ ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

#### တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ၊ ဒုတိယဝန်ကြီးများ၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူ အခြေခံပညာ ဆရာ ဆရာမများတက်ရောက်ကြသည်။

#### အချိတ်အဆက်မိမိ

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် နိုင်ငံသားအသိပညာရှင်၊ အတတ်ပညာရှင်များ၏ ရှိရင်းစွဲ အရည်အသွေးများ ပိုမိုမြင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအား နယ်ပယ်ကဏ္ဍအလိုက် စွမ်းဆောင်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် စဉ်ဆက်မပြတ် ဆက်လက် ပြုစုပျိုးထောင်နိုင်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည် စီမံကိန်းကို ချမှတ်ပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍများ အချိတ်အဆက်မိမိဖြင့် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ထားရှိကြောင်း။

အမျိုးသားပညာရည် မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းကို ချမှတ်ခဲ့ရာတွင် ပညာရှင်အနည်းစု၏ စိတ်ကူးဆန္ဒဖြင့် ရေးဆွဲခဲ့ခြင်းမဟုတ်ဘဲ ခေတ်အဆက်ဆက် ပညာရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ပြီး အတွေ့အကြုံ ရင့်ကျက်သည့် နိုင်ငံတစ်ဝန်းလုံးရှိ ပညာရှင်ဆရာကြီး ဆရာမကြီးများ၊ ပညာရေးစီမံခန့်ခွဲသူများ ပူးပေါင်းပါဝင်လျက် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ခြင်းဖြင့် အသင့်တော်ဆုံးသော နိုင်ငံတကာအဆင့်မီ လုပ်ငန်းစဉ်များအား လက်တွေ့ကျကျ ချမှတ်ဖော်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း။

#### ပညာရေးနှီးနှောဖလှယ်ပွဲ

အမျိုးသားပညာရည် မြင့်မားရေး စီမံကိန်းသည် ရှေ့အနှစ်(၃၀)ကို မျှော်မှန်းချမှတ်ထားသည်နှင့်အညီ ကာလတို(၅)နှစ် စီမံကိန်းများနှင့် နှစ်စဉ်လုပ်ငန်းစီမံချက်များ ပိုင်းခြားပြီး ပညာရေးလုပ်ငန်းများအား နှစ်စဉ်ကျင်းပသည့် ပညာရေးနှီးနှောဖလှယ်ပွဲများတွင် ပြန်လည်သုံးသပ်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် စနစ်တကျ အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ဒုတိယနှစ်တို (၅)နှစ် စီမံကိန်း၏ နောက်ဆုံးနှစ်ကာလသို့ရောက်ရှိ အကောင်အထည်ဖော်လျက်ရှိကြောင်း။

ယခုကဲ့သို့ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရာတွင် အမျိုးသားရေး တာဝန်များကို တာဝန်ယူသယ်ပိုးထမ်းရွက်သွားကြမည့် အသိပညာရှင် အတတ်ပညာရှင် လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းနေစေရေးအတွက် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မိမိတို့တပည့် ကျောင်းသားကျောင်းသူလူငယ်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာရည် အခြေခံကောင်းများကို ငယ်ရွယ်စဉ်ကစပြီး စဉ်ဆက်မပြတ် ပြုစုပျိုးထောင်သွားမှသာ နိုင်ငံတော်၏ အဖိုးထိုက်ရတနာ သားကောင်းသမီးမွန်များအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

#### သတိပြု

မျက်မှောက်ကာလ နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများ၊ စက်မှုနည်းပညာရပ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများက အခြားသောစီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍများအားလုံးအပေါ် လွှမ်းခြုံရိုက်ခတ်နေမှုကို အထင်အရှားတွေ့မြင်နေကြရမှာဖြစ်ကြောင်း၊ ယခုကဲ့သို့ ရိုက်ခတ်မှုများကြောင့် လူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ် အသီးသီးတွင် လျင်မြန်စွာထိုးဖောက်ပျံ့နှံ့မှု စွမ်းအားမြင့်မားသည့် သတင်းနည်းပညာ အမျိုးမျိုးနှင့်အတူ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်သူလူထုများ၊ အထူးသဖြင့် အတွေ့အကြုံအသိအမြင် နုနယ်သေးသော လူငယ်လူရွယ်များအကြား မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးစရိုက်လက္ခဏာများနှင့် ကိုက်ညီမှုမရှိသည့် ပြည်ပအတွေးအခေါ်များ ထိုးဖောက်လွှမ်းမိုးမှုအန္တရာယ်ကို သတိပြုကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အနာဂတ်နိုင်ငံတော်အတွက် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်နေကြသည့် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မိမိတို့တပည့်ကျောင်းသား ကျောင်းသူများအား စိတ်ဓာတ်အရာတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်သူများ၊ စည်းကမ်းအရာတွင် ကျင့်ဝတ်စောင့်ထိန်းပြီး တရားဥပဒေ လေးစားလိုက်နာမှု မြင့်မားသူများ၊ ပညာအရာတွင် ဘက်စုံထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် လေ့ကျင့်ပျိုးထောင်ပေးသွားရန်လိုအပ်ကြောင်း။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက–

- **“ပညာ သင်ကြားရေးတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုသည့် အခြေခံအချက်များ အရေးကြီးကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် ပညာလိုချင်သည့်စိတ်ရှိပြီး စည်းကမ်းကောင်းရန်လည်း အရေးကြီးကြောင်း၊ စည်းကမ်းလျော့ရဲပါက ပညာတတ်မြောက်မှု၊ ပညာရည်ထူးချွန်မှု အားနည်းကြောင်း၊ ပညာတတ် ပြီးပါကလည်း စိတ်ဓာတ်၊ စည်းကမ်းကောင်းမှသာ တိုင်းပြည်အတွက် အကျိုးပြုနိုင်မှာဖြစ်ကြောင်း။**
- **ကျောင်းသား ကျောင်းသူများကို တိုင်းပြည်အတွက် အကျိုးပြုမည့် စည်းကမ်း၊ စိတ်ဓာတ်ကောင်းပြီး ပညာထူးချွန်သူများဖြစ်စေရန် မူလတန်းမှစ၍ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့်အထိ အဆင့်ဆင့်ကွင်းဆက်မပြတ် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် နိုင်ငံအကျိုးပြုမည့် လူတော်လူကောင်းများဖြစ်လာစေရန် ဆရာ ဆရာမများနှင့် ပညာရေးပိုင်းတာဝန်ခံသူအဆင့်ဆင့်တွင် တာဝန်ရှိကြောင်း”ဖြင့် လမ်းညွှန်မှာကြားခဲ့ကြောင်း။**

#### ပြုစုပျိုးထောင်

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မျိုးဆက်သစ် ကျောင်းသားကျောင်းသူလူငယ်များကို အခြေခံပညာကဏ္ဍမှ ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သကဲ့သို့ ဆရာ ဆရာမများအနေဖြင့် ယခုဖွင့်လှစ်သည့် သင်တန်းတွင် လေ့လာသိရှိရမည့် နိုင်ငံတော်၏ အတိတ်သမိုင်းကြောင်းနှင့် အနာဂတ်အလားအလာများကို အမျိုးသားရေး ရှုထောင့်မှ သိမြင် ခံယူပြီး မိမိတို့ကိုယ်တိုင် နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်၍ အရည်အချင်း၊ အရည်အသွေး ပြည့်ဝသော နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ ဆရာမများအဖြစ် အစဉ်ရပ်တည် သွားနိုင်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

ဆရာ ဆရာမများသည် လူ့အဖွဲ့အစည်း၏ အသိမ်မွေ့ဆုံးနှင့် ကျယ်ပြန့်နက်ရှိုင်းသည့် လုပ်ငန်းတာဝန်များကို ယုံကြည်အပ်နှံခြင်းခံရသည့် မွန်မြတ်သော ပုဂ္ဂိုလ်များဖြစ်သည့်အပြင် အနာဂတ်ကာလ၌ နိုင်ငံတော်က အားထားရမည့်အသိပညာရှင် အတတ်ပညာရှင်များ၊ နိုင်ငံ့သားကောင်းများ နှင့် လူရည်မွန်များ ပြုစုပျိုးထောင်ပေးရေး လုပ်ငန်းများတွင် မိမိတို့၏ ဘဝကို နှစ်မြှုပ်ပြီး ကြိုးပမ်းဆောင်ရွက်နေကြသူများအဖြစ် စံပြု ခံထားရသူများဖြစ်ကြောင်း။

#### ကြိုးပမ်းအားထုတ်

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့ပိုင်ဆိုင်ထားပြီးဖြစ်သည့် မွန်မြတ်သော ဂုဏ်ဒြပ်နှင့်အညီ မိမိတို့တာဝန်ကျရာ ရပ်ရွာ၊ ဒေသ၊ လူ့အဖွဲ့အစည်းတွင် ဆရာ့ကျင့်ဝတ်၊ ဆရာ့ဂုဏ်သိက္ခာ ပြည့်ဝမြင့်မားစွာဖြင့် လေးစားအတုယူထိုက်သည့် စံနမူနာပြပုဂ္ဂိုလ်များ၊ ပညာဉာဏ် ထူးချွန်ထက်မြက်ပြီး လိမ္မာယဉ်ကျေးသော နိုင်ငံ့သားကောင်း သမီးမွန်များ ဖြစ်ထွန်းလာရေးအတွက် လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် ဥယျာဉ်မှူးကောင်းများအဖြစ် တင့်တင့်တယ်တယ်ဖြင့် ရပ်တည်ကြိုးပမ်း အားထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားသည်။

#### ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက သင်တန်းသားသင်တန်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၈)သို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀၈ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**







ဩဂုတ် ၂၀ ရက်က ရန်ကုန် အနောက်ပိုင်းခရိုင် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း အလုံမြို့နယ်၌ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရန်ကုန်တိုင်း ဒေသကြီး ကျောင်း ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာ ဒေါ်ခင်စောရီက ဆယ်ကျော်သက်အရွယ် ကျန်းမာရေးအသိ ပညာပေး ဆွေးနွေးဟောပြောစဉ်။ (၁၃၅)

# မြဝတီမြို့၌ မီးလောင်မှုဖြစ်ပွား မော်တော်ယာဉ်တစ်စီး၊ နေအိမ်နှစ်လုံးမီးလောင်ပျက်စီး

နေပြည်တော် ဩဂုတ် ၂၄

ကရင်ပြည်နယ် မြဝတီမြို့၌ ဩဂုတ် ၂၂ရက် ညပိုင်းတွင် မော်တော်ယာဉ်ပေါ်သို့ ဂက်စ်အိုးများတင်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

#### မီးလောင်ပျက်စီး

ယင်းနေ့ ည ၇နာရီ ၁၅မိနစ်ခန့်တွင် မြဝတီမြို့ အနန္တသူရိယလမ်းနေ ဦးဝင်းနိုင်၏ နေအိမ် ဂိုဒေါင်အတွင်းထားရှိသည့် ဖူဆိုမှန်လုံယာဉ်၏ အတက်အဆင်းအပေါက်ဝ၌ ဖယောင်းတိုင်ကို မဆင်မခြင်ထွန်းပြီး ယာဉ်ပေါ်သို့ ဂက်စ်အိုးများ တင်ခဲ့ကြစဉ် ဂက်စ်အိုးဘားပွင့်ပြီး မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်ကျွမ်းသွားစဉ် ယာဉ်မောင်း ဇော်နိုင်က ယာဉ်အား ခြံအပြင်သို့မောင်းထွက်ပြီး ခြံဝင်းနှင့်ကပ်လျက် နေအိမ်ရှေ့သို့ အရောက် ခုန်ချထွက်ပြေးခဲ့သဖြင့် ယာဉ်ပေါ်ပါဂက်စ်အိုးများ မီးလောင်ပေါက်ကွဲခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဖူဆိုမှန်လုံယာဉ်တစ်စီး၊ သွပ်မိုးပျဉ်ကာနေအိမ်တစ်လုံး၊ သွပ်မိုးအုတ်ညှပ်နေအိမ်တစ်လုံးနှင့် လမ်းတစ်ဖက်ရှိ စာသင်ကျောင်းပြတင်းပေါက်အချို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

#### မီးငြိမ်း

မီးလောင်မှုဖြစ်ပွားရာသို့ ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ရောက်ရှိကြပြီး မီးသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် ၂၅စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် မီးလောင်ပြီး ၄၅မိနစ်ခန့်အကြာ ည ၈နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးဝင်းနိုင်၏သား အေးနိုင် (ခ) ဂနီ၊ ယာဉ်မောင်း ဇော်နိုင်တို့ နှစ်ဦးအား မီးပေါ့ဆမှု/ပေါက်ကွဲစေတတ်သော အရာဝတ္ထုအား ပေါ့လျော့စွာပြုလုပ်မှုဖြင့် မြဝတီရဲစခန်း၌ အမှုဖွင့်ထားပြီး ၎င်းတို့နှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မီးဘေးဒုက္ခသည် အိမ်ထောင်စုနှစ်စုအား တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ဒိုက်ဦးမြို့၌ နေအိမ်ခေါင်မိုးအား မိုးကြိုးပစ်ရာမှ မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အမှတ်(၁) ရပ်ကွက် မင်းလမ်းရှိ အိမ်တစ်အိမ်၏ ခေါင်မိုးအား ဩဂုတ် ၂၁ရက် ည ၉နာရီခန့်တွင် မိုးကြိုးပစ်ရာမှ နေအိမ်အတွင်းရှိ ဝိုင်ယာကြိုးများအား ထိမှန်ရှော့ဖြစ်ပြီး နေအိမ်အပေါ်ထပ်ရှိ ဘဲဥသေတ္တာနှင့် ကောက်ရိုးများကို မီးကူးစက်လောင်ကျွမ်းခဲ့ကာ ည၉နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် လူနေအိမ်နှစ်လုံးနှင့် အခြားအဆောက်အအုံတစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်သေဆုံးမှုမရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ကျောက်ကြီးမြို့နယ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် ဩဂုတ် ၂၄

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သစ်ချဆိပ်ကျေးရွာနေ ဦးလှဝင်းသည် ဩဂုတ် ၂၁ရက်တွင် ရွာအရှေ့ဘက်ရှိ မိချောင်းခေါင်းအင်း၌ ဟင်းသီးဟင်းရွက်နှင့် သားငါးရှာရန် သွားရောက်စဉ် သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပြီး ယာခြေချင်းဝတ်ပြတ်ဒဏ်ရာဖြင့် ယင်းနေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**





ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေ မြဝတီမြို့နယ် အတွင်းကွင်းကလေးဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ချီးမြှင့်ငွေပေးအပ်

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချီးမြှင့်ငွေများကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေနှင့် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းတို့က ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူးက လက်ခံသည်။

ထို့နောက် နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များသည် အကအဖွဲ့များ၊ ဒေသခံ ပြည်သူများနှင့်အတူ တေးသီချင်းများ သံပြိုင်သီဆို၍ ပျော်ရွှင်စွာ စုပေါင်းကခုန် ဆင်နွှဲကြသည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဆက်လက်၍ တိုင်းရင်းသားအကအဖွဲ့များအား တွဲဖက်စစ်ရေးချုပ်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းသည့်အခမ်းအနားတွင် တပ်ဖွဲ့ဝင်များအား စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**မြဝတီမြို့နယ် အတွင်းကွင်းကလေးဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ်ဖွင့်ပွဲ အခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ အကအဖွဲ့များ၊ ဒေသခံ ပြည်သူများက တေးသီချင်းများ သံပြိုင်သီဆို၍ ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြစဉ်။** (သတင်းစဉ်)

## သစ္စာအဓိဋ္ဌာန် ရွတ်ဆို

**မြဝတီမြို့နယ် အတွင်းကွင်းကလေးဒေသ၌ ကျင်းပသည့် နယ်ခြားစောင့်တပ်ဖွင့်ပွဲ အခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြစဉ်။** (သတင်းစဉ်)



*✻ ကျောဖုံးမှ*

တာဝန်ထမ်းဆောင်နိုင်ရေး အသွင်ကူးပြောင်းမှု အစီအစဉ်များလုပ်ဆောင်လျက်ရှိရာ တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး (ဒီကေဘီအေ)၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် မြဝတီမြို့နယ် အတွင်းကွင်းကလေးဒေသ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

## တက်ရောက်

နယ်ခြားစောင့်တပ်ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေ၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ဒေသခံ ရပ်မိရပ်ဖများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့ဝင်များ၊ မြဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့များ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ တက်ရောက်ကြသည်။

## တပ်ဆင်

အဆိုပါ အခမ်းအနားကို အစီအစဉ်အတိုင်းဆောင်ရွက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းတို့က နယ်ခြားစောင့်တပ်မှ အရာရှိများအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များကို တပ်ဆင်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက အမှာစကားပြောကြားသည်။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၃၇၂ခုနှစ်၊ ဝါခေါင်လပြည့် (ဥပုသ်နေ့)**
**၂၅-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
  - ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (အဖွဲ့ဝင်) မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ သာသနမူလိကာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသ ဟောကြားတော်မူသော **မေတ္တာအခါတော်နေ့** တရားတော်
- ၈:၃၀ ၅။ International News
- ၈:၄၀ ၆။ Islands of Dhamma (5)
- ၈:၄၅ ၇။ ဘဒ္ဒန္တသီရိန္ဒ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ လယ်ဝန်ကျောင်းတိုက် သထုံမြို့ မွန်ပြည်နယ်ထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း

**ညပိုင်း**

- ၃:၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် **(နေပြည်တော်အသင်းနှင့် ဇေယျာရွှေမြေအသင်း)**
- ၅:၀၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၀၅ ၃။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ်မြောက် ဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၁၊ သန်လျင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၅:၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၃၀ ၅။ သီချင်းကြီးပဒေသာ
- ၅:၄၀ ၆။ ထုထည်ကြီးမား ထင်ရှားဇကန်မမ္ဘရံ
- ၅:၅၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၀။ မြန်မာ့လေ့ရိုးရာလက်ဇွေ့
- ၆:၄၅ ၁၁။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇:၁၅ ၁၂။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇:၄၅ ၁၃။ အလင်္ကာဝတ်ရည် မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ထာဝရတို့မြေအလှ [ဟေမာနေဝင်း၊ တေးရေး- ပက်ထရစ် (မိုးသောက်ပန်း)]
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၇၁)
- ၁၉။ ၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ **သားကောင်းရတနာပြဇာတ်** (ဒုတိယဆု) (မန္တလေးတိုင်းဒေသကြီး)
- ၂၀။ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ မေတ္တာသုတ္တန်တရားတော်
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

## သားကောင်းများ

ညီညီ ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ ကျန်ရှိနေသေးတဲ့ တိုင်းရင်းသား အဖွဲ့အစည်းများကိုလည်း နိုင်ငံတော်အစိုးရက နားလည်မှုရှိရှိနဲ့ စိတ်ရှည်လက်ရှည် လက်တွဲခေါ်ယူလျက် ရှိပါတယ်။

ထာဝရငြိမ်းချမ်းရေးအတွက် နယ်ခြားစောင့်တပ်နဲ့ ပြည်သူ့စစ်အဖွဲ့များအဖြစ် အသွင်ကူးပြောင်းခဲ့တဲ့ တိုင်းရင်းသား အဖွဲ့အစည်းများဟာ မကြာမီမှာဖြစ်ပေါ်လာမယ့် ဒီမိုကရေစီ နိုင်ငံတော်အသစ်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ လက်နက်ကိုင်ဆောင်ခွင့် တရားဝင်ရရှိပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ခွင့်ရရှိတော့မယ့် နိုင်ငံ့သားကောင်းများ ဖြစ်လာပါလိမ့်မယ်။ မွန်မြတ်လှတဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမယ့် နိုင်ငံ့သားကောင်းများကို နိုင်ငံတော်အစိုးရက တရားဝင်ခန့်အပ်တာဝန် ပေးအပ်ထားခြင်းဖြစ်လို့ နိုင်ငံအတွင်းမှာသာမက ကမ္ဘာ့နိုင်ငံများကပါ အသိအမှတ်ပြုနေကြပြီ ဖြစ်ပါတယ်။

**တစ်ချိန်က နားလည်မှုနှင့် လက်နက်ကိုင်ဆောင်ထားသူတွေကို နိုင်ငံ့ဝန်ထမ်းများအဖြစ် တရားဝင်အသိအမှတ်ပြုပေးပြီး ဖြစ်လို့ နယ်စပ်ဒေသကိစ္စရပ်တွေမှာ နိုင်ငံတကာဥပဒေများနှင့်အညီ ထိရောက်စွာ အကျိုးပြုနိုင်တော့မယ့် အင်အားစုများ ဖြစ်လာပါလိမ့်မယ်။ ဒီအင်အားစုများဟာ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ စုပေါင်းထားတဲ့ အင်အားများဖြစ်လို့ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်မယ့် အမာခံအင်အားများ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမအားလုံးကို တစ်သွေးတည်း၊ တစ်သားတည်းဖြစ်အောင် သွေးညှိပေးထားတဲ့ နိုင်ငံတော်ရဲ့ သားကောင်းများဖြစ်ကြောင်း ဂုဏ်ပြုတင်စားလိုက်ချင်ပါတယ်။**

ဒါကြောင့်မို့ အသွင်ကူးပြောင်းလာတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေအပေါ် နိုင်ငံတော်အစိုးရက အလုံးစုံကူညီစောင့်ရှောက်မှုတွေ ပြုလုပ်ပေးလျက်ရှိသလို တိုင်းရင်းသားအဖွဲ့အစည်းများကလည်း နိုင်ငံတော်လုံခြုံရေး၊ နယ်မြေဒေသကာကွယ်ရေးအတွက် အတွေးအခေါ် အသိအမြင်မှန်ကန်စွာနဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များမှာ ထာဝရငြိမ်းချမ်းရေး လမ်းကြောင်းမှန်အတိုင်း လက်တွဲလျှောက်လှမ်းကြပါလို့ တိုက်တွန်းတင်ပြလိုက်ရပါတယ်။ ။

...မှုနှင့် လက်နက်ကိုင်ဆောင်ထား...များအဖြစ် တရားဝင်အသိအမှတ်...ဒေသကိစ္စရပ်တွေမှာ နိုင်ငံတကာ...ရောက်စွာ အကျိုးပြုနိုင်တော့မယ့်...ပါလိမ့်မယ်။ ဒီအင်အားစုများဟာ...ညီအစ်ကိုမောင်နှမများ စုပေါင်း...လို့ပြည်ထောင်စုကြီးမပြိုကွဲရေး...ကွယ်စောင့်ရှောက်မယ့် အမာခံ...

## မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြသည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၂)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၂၆)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီများအနက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဩဂုတ် ၂၄ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် ပါတီ(၄၇)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၄၂)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၅-၈-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၀ | ၃။ | မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ စာလိုက်စာချ ဘက်စုံရ ထူးချွန်လှသည့် ဆရာတော် (အပိုင်း-၂) |
| ၇း၁၅ | ၄။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၆။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၇။ | မြန်မာသံစဉ် ချိုနားဝင် |
| ၇း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၉။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၃၅ | ၃။ | အမျိုးသားရေး တေးကဗျာ |
| ၄း၄၀ | ၄။ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၄း၅၀ | ၅။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၀၅ | ၇။ | ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ |
| ၅း၁၅ | ၈။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၅း၂၅ | ၉။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၅း၃၅ | ၁၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆း၃၅ | ၁၄။ | Mail Box |
| ၆း၄၅ | ၁၅။ | ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** အပိုင်း (၄၁) |
| ၇း၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** အပိုင်း(၄၃) |
| ၈း၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်း |
| | ၁၉။ | မိုးလေဝသသတင်း |
| | ၂၀။ | အမျိုးသားရေးတေးကဗျာ |
| | ၂၁။ | ရယ်စရာရွှင်စရာဟာသပဒေသာ **အိပ်မက်ထဲက ရွှေထုပ်** (ဇာတ်သိမ်းပိုင်း) ကောင်းခန့်၊ အရိုင်း၊ ကျော်ထူး၊ ကင်းကောင်၊ ရေချမ်း၊ မိုးပွင့်၊ ရီရီပွင့်ဖြူ၊ ဆုရွှန်းလဲ့ [ဒါရိုက်တာ- မောင်ပြည့်ဝ (ပန်းဝေသီ)] |
| | ၂၂။ | Internet Website ကဏ္ဍ |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဉ္စလက်ပုံရိပ်** အပိုင်း (၇) |
| | ၂၅။ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |

## အောက်ပိုင်းဒေသများ မိုးပိုလာနိုင်ဖွယ်ရှိ

နေပြည်တော် ဩဂုတ် ၂၄

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ထူးခြားသည့်အခြေအနေမှာ** ယနေ့နံနက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင် (တုံကင်ပင်လယ်ကွေ့)တွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်းမင်ဒူလီ (Mindulle) သည် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဩဂုတ် ၂၅ရက် ညနေအထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

➤ မောင်မောင်ဆွေ-စုစည်းသည် ➤

### ပေကျင်းမြို့ အဝေးပြေးလမ်းမကြီး အသွားအလာကျပ်နေ

*တရုတ်ပြည် ပေကျင်းမြို့တော်သို့ဦးတည်သည့် အဝေးပြေးလမ်းမကြီး၌ ဩဂုတ် ၁၄ရက်မှ စတင်ကာ မော်တော်ယာဉ်အသွားအလာ ပြည့်ကျပ်နေသည်မှာ ကိုးရက်တိုင် ရှိပြီဖြစ်သဖြင့် သယ်ယူပို့ဆောင်ရေးအာဏာပိုင်များက သွားလာမှုလွယ်ကူချောမွေ့ရေးကို ဩဂုတ် ၂၄ရက်က ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။* (အောက်ပုံ)




### ဘိုလစ်ဗီးယားတောမီး ပျံ့နှံ့လျက်ရှိဆဲ

*ဘိုလစ်ဗီးယား နိုင်ငံတစ်ဝန်းလောင်နေသည့် တောမီးကြောင့် အာဏာပိုင်များက အရေးပေါ်ကြေညာကာ ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့သို့ အကူအညီတောင်းထားသည်။ မီးညွန့်များကျိုးအောင် အာဏာပိုင်များက ကြိုးပမ်းသည့်ကြားမှပင် ဩဂုတ် ၂၄ရက်တွင် ကူးစက်ပျံ့နှံ့နေဆဲဖြစ်သည်။*

### ဘင်္ဂလားဒေ့ရှ်၌ မိုဘိုင်းလ်ဖုန်းသုံးစွဲသူ ၆သန်းကျော်ရှိ

*ဘင်္ဂလားဒေ့ရှ်၌ ယခုနှစ်ပထမခုနစ်လအတွင်း မိုဘိုင်းလ်ဖုန်း ဝယ်ယူသူ ၉၄၁၅ဦး ရှိသဖြင့် ၂၀၁၀ခုနှစ်ဇူလိုင်လအထိ နိုင်ငံတစ်ဝန်း မိုဘိုင်းလ်ဖုန်းသုံးစွဲသူ ၆၁ဒသမ ၈၄၅သန်း ရှိလာပြီဖြစ်ကြောင်း ဩဂုတ် ၂၄ရက်က စာရင်းများအရ သိရသည်။* အမ်အင်န်အေ၊ဆင်ဟွာ

### နိုင်ငံတကာသစ်သီးဝလံပန်းမန် ညီလာခံစတင်

*(၂၈)ကြိမ်မြောက် နိုင်ငံတကာ သစ်သီးဝလံ ပန်းမန်ကွန်ဂရက် (အိုင်အိတ်ချ်စီ- ၂၀၁၀)အစည်းအဝေးကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ဩဂုတ် ၂၃ရက်က ဖွင့်လှစ်လိုက်သည်။ ဇီဝမျိုးစိတ်များ မပျက်သုဉ်းအောင် ထိန်းသိမ်းရေးအတွက် ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ အကောင်အထည်ဖော်ရေး ဝိုင်းဝန်းကြိုးပမ်းရန် အိုင်အိတ်ချ်စီ-၂၀၁၀က ဦးတည်သည်။*

### ပါကစ္စတန် ရေဘေးသင့်ပြည်သူများအတွက် နေတိုးကူညီ

*ပါကစ္စတန်နိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးအစီအစဉ်များကို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က ဩဂုတ် ၂၂ရက်တွင် စတင်အကောင်အထည်ဖော်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။*

### ဖိလစ်ပိုင်နှင့်အမေရိကန် စစ်ရေးလေ့ကျင့်မှုပြီးဆုံး

*အမေရိကန်နှင့် ဖိလစ်ပိုင် ပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ ဩဂုတ် ၂၂ရက်က အခမ်းအနားဖြင့် အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်က ကြေညာသည်။*

### နွားနာသားစားပြီး ဒေါင့်သန်းရောဂါကူးစက်

*ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆီရက်ဂျန်ခရိုင် ကျေးရွာသုံးရွာ၌ နွားနာသားစားပြီး ရက်သတ္တ သုံးပတ်အကြာတွင် ရွာသား ၈ဦးတို့ ဒေါင့်သန်းရောဂါများ ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း စီအက်စ်အက်ဖ် သတင်းဌာနက ဩဂုတ် ၂၄ရက်တွင် ကြေညာသည်။*

### တရုတ်၌ ဖြောက်အိုးစက်ရုံ ပေါက်ကွဲ၊ ခြောက်ဦးသေဆုံး

*တရုတ်ပြည် တောင်ပိုင်း ကွမ်စီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသမှ တရားမဝင် ပုဂ္ဂလိကပိုင် ဖြောက်အိုးစက်ရုံပေါက်ကွဲမှုကြောင့် ခြောက်ဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ဩဂုတ်၂၄ရက်တွင် ကြေညာသည်။* အမ်အင်န်အေ၊ဆင်ဟွာ

### လူမှောင်ခိုဂိုဏ်း ကင်ညာရဲတပ်ဖွဲ့ဖော်ထုတ်ဖမ်းဆီး

*တောင်အာဖရိကနိုင်ငံအတွင်းသို့ လူမှောင်ခိုတင်သွင်းရန် ကြိုးပမ်းသည့် ဂိုဏ်းတစ်ဂိုဏ်းကို ကင်ညာရဲတပ်ဖွဲ့က ဖော်ထုတ်ကာ ဆိုမာလီနိုင်ငံသား ၃၁ဦးကို လူမှောင်ခိုမှုဖြင့် ဖမ်းဆီးလိုက်ကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၂၄ရက်တွင် ကြေညာသည်။ ။* (အင်တာနက်)

# ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ဝန်းသို၌ ကျင်းပ

## တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်



မုံရွာ ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဩဂုတ်၂၀ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ဂျိုးတောင်စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်စွာအောင်မြင်စေရန် သင်ကြားပြသပေးခဲ့သည့် ဆရာ ဆရာမများအား ဆုများ အသီးသီးချီးမြှင့်ပေးအပ်သည်။ **(ဝဲပုံ)**

### ဆုများချီးမြှင့်

ထို့နောက် တိုင်းပညာရေးမှူး (စစ်ဆေးရေး) ဦးဘုန်းကြွယ်က နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

### ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့် အလှူရှင်တို့က ကျောင်းရှိ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူခဲ့ကြောင်းသိရသည်။ ယင်းနောက် တိုင်းမှူးသည် ကျောင်းရှိ စာသင်ခန်းမများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ထူးကြီးအသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ထူးကြီးအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲကို စက်တင်ဘာ ၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး (သစ်လုပ်ငန်းခမ်းမဆောင်) ၌ ကျင်းပမည်ဖြစ်ရာ အသက် ၇၅နှစ်အထက် ရန်ကုန်မြို့တွင်အမြဲနေထိုင်သည့် သက်ကြီးအသင်းဝင် အဘိုး အဘွားများ၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့် အသင်းဝင် သားသမီးများ၏စာရင်းနှင့် လှူဒါန်းလိုသော အလှူရှင်တို့သည် ဩဂုတ် ၂၈ရက် နောက်ဆုံးထားပြီး ဦးမျိုးသန့် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၁-၇၃၀-၃၈၀၁၃၊ ဦးခင်မောင်ကြည် (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၁-၈၂၄၄၁၊ ဦးတင်ဦး (တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉-၅၁-၆၁၈၈၇၊ ဦးမြင့်သန်း (တွဲဖက်ဘဏ္ဍာရေးမှူး) ဖုန်း-၂၉၄၁၅၀နှင့် ဗိုလ်ကြီးစန္ဒာနွယ် (ငြိမ်း) (စာရင်းစစ်) ဖုန်း-၀၁-၇၃၀-၃၃၁၇၅တို့သို့ ကြိုတင်ဆက်သွယ်ကြရန်နှင့် ထူးကြီးအသင်း(ရန်ကုန်) အသင်းဝင်များနှင့် ထူးကြီးမြို့သူ မြို့သားများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၃၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ကမ္ဘာ့အကြီးဆုံး ဓမ္မစေတီ ခေါင်းလောင်းမျှော် ခေါင်းလောင်းကြီးတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိ၊ စင်ကာပူမှ စံချိန်တင် လုပ်သားတစ်သိန်းခေါ်ယူရာတွင် မြန်မာလုပ်သားများကို အဓိကထား ခေါ်ယူမည်၊ ငါးသိန်းတန်ဖုန်းများနှင့် တွဲဖက်၍ ဖက်စ်အသုံးပြုနိုင်ပြီ၊ အစွမ်းထက်သည့် မြန်မာ့ဂျုံမြက်နုဆေးကို ပြည်ပကမှာယူ၊ ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများကို နယ်မြေကန့်သတ်ချက်မရှိ အသုံးပြုနိုင်တော့မည်၊ အင်တာနက်၊ တယ်လီဖုန်း၊ တီဗွီသုံးမျိုး သုံးနိုင်မည့်စနစ်ကို ရန်ကုန်တွင် မကြာမီအသုံးပြုနိုင်တော့မည်၊ ငွေကျပ် ၁၆၀၀၀ ထည့်သွင်းထားရုံဖြင့် နိုင်ငံ ၄၀ခန့်ရှိ ဖုန်းများသို့ အင်တာနက်မှ တစ်လလုံး အကန့်အသတ်မရှိ ပြောဆိုနိုင်၊ မြို့ပြမြေပုံတိုင်းစနစ်ပါ ကားများတင်သွင်းရန် ညှိနှိုင်းစီစဉ်လျက်ရှိ၊ မြန်မာ့ပထမဆုံး မော်တော်ဆိုင်ကယ် အင်ဂျင်စက်ရုံ ပခုက္ကူစက်မှုဇုန်၌ တည်ထောင်ရန်စီစဉ်၊ ဓာတ်တော်ချိုင့် ရေတံခွန် အပန်းဖြေစခန်းတည်ဆောက်နေ၊ မလေးရှားအဲလိုင်းက ရန်ကုန်-ကွာလာလမ်ပူ ခရီးစဉ် နေ့စဉ်ပျံသန်းမည်၊ လော်ကားဥယျာဉ်အတွင်း အောက်တိုဘာလမှစ၍ ညအိပ်အပန်းဖြေနိုင်တော့မည်၊ ကိုရီးယားအစားအသောက်ပွဲတော် မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ် ကျင်းပမည်၊ မန္တလေး၌ ကြိုးမဲ့အင်တာနက်ဇုန် ဧရိယာများတိုးချဲ့မည်၊ ငွေကျပ် ၂၀၀ဖြင့် အင်တာနက်သုံးနိုင်မည့် Wifi Free Zone ဖွင့်လှစ်၊ အင်္ဂလန်မှ တိုက်ရိုက်ချီးမြှင့်မည့် အနုပညာဆိုင်ရာ ဒီပလိုမာ ပြည်တွင်း၌ပင် ရယူနိုင်တော့မည်၊ ပတ္တမြား FM ရန်ကုန်မြို့သို့ တိုးချဲ့ထုတ်လွှင့်မည်၊ အီရန်က ခရဇ်ဒုံးကျည် လေးစင်း သယ်ဆောင်နိုင်သော တာဝေးသွား မောင်းသူမဲ့ ဗုံးကြဲလေယာဉ်ပြသ၊ ရုရှား၌ ခိုလှုံရန်ကြိုးစားခဲ့သူ မြောက်ကိုရီးယားတိုက်လေယာဉ်မှူး တရုတ်၌ လေယာဉ်ပျက်ကျသေဆုံး၊ မိုးကြိုးထိမှန်သွားသည့် လေယာဉ်ကြီး အရေးပေါ်ဆင်းသက်ခဲ့ရာ သုံးပိုင်းပြတ်သွားသော်လည်း ခရီးသည်များ အသက်မသေ၊ တရုတ်က ဂျပန်ကို ကျော်လွန်ပြီး ဒုတိယမြောက် ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်လာ၊ ကြက်သွန်ဖြူအနက်ရောင်များ အောက်တိုဘာလတွင်ရမည်၊ ပျားအကောင် ၅၀၀၀၀ အပိုင်းခံရပြီး ရဲအရာရှိ ကားထဲ၌ပိတ်မိနေ၊ နာမည်ကြီး အဆိုတော်မိန်းကလေးက အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရကြောင်း ပြောမပြဘဲ အမျိုးသားများနှင့် လိင်ဆက်ဆံခဲ့သောကြောင့် ထောင်ဒဏ်နှစ်ရှည် အပြစ်ပေးခံရဖွယ်ရှိ၊ ၁၀လသား ကလေးက ခြောက်နှစ်သားကလေး၏ ကိုယ်အလေးချိန်နှင့်ညီမျှ၊ လက်ဖက်ခြောက်ရွက်မှ ပိတ်စတီထွင်၊ သံထည်များကို ကိုယ်တွင်ကပ်ထားနိုင်သည့် သံလိုက်လူသား အမျိုးသမီး၊ မိုင်းတွင်းပြိုကျပြီး မြေအောက်၌ ပိတ်မိနေသူ ၃၃ဦးကို ၁၇ရက်ကြာပြီးမှ ကယ်ဆယ်ရရှိ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သင်တန်းများဖွင့်ပွဲနှင့် ပြိုင်ပွဲများဆုချီးမြှင့်ပွဲ ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အားပေး

**အလိမ္မာ စာမှာရှိ**

နေပြည်တော် ဩဂုတ် ၂၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးသုံးကွန်ပျူတာမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၀)၊ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂/၂၀၁၀)နှင့် ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၀)သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် နံနက် ၁၀နာရီခွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန Computer Powerpoint Presentation ပြိုင်ပွဲနှင့် အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး Computer Powerpoint Presentation ပြိုင်ပွဲနှင့် အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **(ယာပုံ)**

### ရှင်းလင်းပြသ

ယင်းနောက် Computer Powerpoint Presentation ပြိုင်ပွဲတွင် ပထမဆုရ ဦးမိုးထွန်းဝေက အမှတ် (၁) စစ်တောင်းစက္ကူစက်ဆိုင်ရာ အချက်အလက်များကို Powerpoint ဖြင့် ရှင်းလင်းပြသ၍ အင်္ဂလိပ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရ ဒေါ်ဆွေဇင်စိုးက Time is Money ခေါင်းစဉ်ဖြင့် သရုပ်ပြပြောဆိုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## မီးဘေးကြိုတင်ကာကွယ်

ဟုမ္မလင်းမြို့မဈေး မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ် ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၂၇ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမွန်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသင်းအောင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# သံဖြူဇရပ်မြို့ အထက(၂)၌ မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ထူးချွန် ဆုချီးမြှင့်ပွဲကျင်းပ

သံဖြူဇရပ် ဩဂုတ် ၂၄

သံဖြူဇရပ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက်က အထက(၂) ရှင်စောပုခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းသားမိဘများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပညာရေးမှူးဒေါ်ရွှေမိနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်သန်းတို့က အမှာစကားပြောကြားကြသည်။

### ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသူ တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၅ဦးတို့အား မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်သန်းတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး လေးဘာသာဂုဏ်ထူးရှင် မသဲဆုကိုကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်သန်းက ထပ်ဆင့်ဂုဏ်ပြုဆု ချီးမြှင့်ခဲ့သည်။ **(ယာပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# ကိုလံဘီယာတောင်ပိုင်းမှ မီးတောင်တစ်လုံး ပေါက်ကွဲမည့် အလားအလာရှိ

ဘိုဂိုတာ ဩဂုတ် ၂၄

**ကိုလံဘီယာနိုင်ငံတောင်ပိုင်း၌ မီးတောင်တစ်လုံးပေါက်ကွဲမည့် အနေအထားရှိ၍ သတိပေးချက်များ ထုတ်ပြန်ထားကြောင်း ဩဂုတ် ၂၃ရက်က သတင်းဖော်ပြသည်။**

ဂါလာရပ်စ်အမည်ရှိ အဆိုပါမီးတောင်သည် ရက်ပိုင်းအတွင်း သို့မဟုတ် သီတင်းပတ်အတွင်း ပေါက်ကွဲနိုင်ကြောင်း ကိုလံဘီယာ ဘူမိဗေဒဌာနက သတိပေးထားသည်။

**သတိပေး**

ယင်းဒေသ၌ လူပေါင်း ၇၀၀၀ခန့် နေထိုင်လျက်ရှိရာ ကယ်ဆယ်ရေးအဖွဲ့အနေဖြင့် အမိုးအကာများ ပြင်ဆင်ထားရန်လည်း သတိပေးထားသည်။

**တည်ရှိ**

ယင်းမီးတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၄၂၇၆တွင် တည်ရှိပြီး ပါစတိုမြို့မှ ၉မီတာအကွာ၌ တည်ရှိသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

**အနှစ်သုံးခုပါ ကြက်ဥ**

**အမေရိကန် အစားအစာနှင့် ဆေးဝါးထိန်းချုပ်ရေးဌာန၌ ကြက်ဥ အနှစ် သုံးခုပါ ကြက်ဥအား ပြသထားသည်ကို ဩဂုတ် ၂၄ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)



# တူရကီနိုင်ငံ အရှေ့ပိုင်း၌ မူးယစ်ဆေးဝါးများ ဖမ်းမိ

**အန်ကာရာ ဩဂုတ် ၂၄**

တူရကီနိုင်ငံ အရှေ့ပိုင်းတွင် ဩဂုတ် ၂၃ရက်က ဆေးခြောက် ကီလို၁၉၀နှင့် ဘိန်းဖြူ ၁၅ကီလို ဖမ်းဆီးမိကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားသည်။

**ဖမ်းမိ**

တူရကီနိုင်ငံတွင် မူးယစ်ဆေးဝါး စစ်ဆင်ရေးကို လုပ်ဆောင်လျက်ရှိရာ အဆိုပါ စစ်ဆင်ရေးအတွင်း ဆေးခြောက် ကီလို၁၉၀အား ကုန်တင်ကားတစ်စီးပေါ်တွင် ခိုးသွင်းလာသည်ကို ဘန်ပြည်နယ်၌ ဖမ်းမိခဲ့ကြောင်းသိရသည်။

**တင်ဆောင်**

ထို့အပြင် တူရကီနိုင်ငံရှိ မြို့ကြီးတစ်မြို့ဖြစ်သော အစ္စတန်ဘူလ်မြို့တွင် မသင်္ကာဖွယ် ခရီးသွားဗင်ကားတစ်စီးကို ရဲတပ်ဖွဲ့က ရှာဖွေစစ်ဆေးခဲ့ရာ ကားပေါ်တွင် ၁၅ကီလိုရှိသော ဘိန်းဖြူများ တင်ဆောင်လာသည်ကို တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။

**အဓိကလမ်းကြောင်း**

ကားမောင်းသူ နှစ်ဦးနှင့် ကားများကို ရဲအဖွဲ့က ဖမ်းဆီးထားကြောင်းနှင့် တူရကီနိုင်ငံသည် အာရှတိုက်နှင့်အရှေ့ အလယ်ပိုင်းဒေသများမှ အနောက်ဥရောပ နိုင်ငံများသို့ မူးယစ်ဆေးဝါး မှောင်ခိုတင်သွင်းရာ အဓိကလမ်းကြောင်းပေါ်တွင် ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



အီတလီနိုင်ငံ ကမ်းခြေများတွင် ရေနစ်သူများအား ကယ်ဆယ်ရေးအတွက် လေ့ကျင့်နေသည်ကို ဩဂုတ် ၂၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# အာဖဂန်နစ္စတန်၌ ရေနံသိုက်သစ် ရှာဖွေတွေ့ရှိ

**ကန်ဒါဟာ ဩဂုတ် ၂၄**

အာဖဂန်နစ္စတန် မြောက်ပိုင်းပြည်နယ်၌ ရေနံစိမ်းစည်ပေါင်း ၁ဒသမ၈ ဘီလီယံခန့်ရှိ ရေနံသိုက်အသစ်ကို ရှာဖွေတွေ့ရှိသည်ဟု ဩဂုတ် ၂၃ရက်တွင် အာဖဂန်သတ္တုတွင်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**တူးဖော်**

အာဖဂန်မြောက်ပိုင်းရှိ ဟီရာတန်ဒေသ၊ တေလ်စ်ဒေသနှင့် ရှပ်ဘူးလ်ဟန်ဒေသ စသည့် သုံးပွင့်ဆိုင်ဒေသအကြား၌ ရေနံတွင်းအသစ်များ တိုးချဲ့တူးဖော်လျက်ရှိသည်ဟု ဆိုသည်။

အဆိုပါ ရေနံတွင်းအသစ်များမှ လာမည့် ခြောက်လအတွင်း ရေနံများထွက်ရှိနိုင်လိမ့်မည်ဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဂျဝတ်ဒ်အိုမာက ထပ်လောင်းပြောကြားသည်။

အာဖဂန်နစ္စတန်မြောက်ပိုင်း တာဂျစ်ရေလက်ကြားနှင့် အမူဒါယာဒေသတို့၌ ၁၉၅၉ခုနှစ်က စတင်ကာ ပထမဆုံး ရေနံတွင်း စတင်တွေ့ရှိခဲ့သည်ဟုဆိုသည်။

**(အင်တာနက်)**

# ပထမဆုံး အီရန်နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံ အီရတ်တွင် ဖွင့်လှစ်ပေး

ဘဂ္ဂဒက် ဩဂုတ် ၂၄

အီရန်နိုင်ငံက ဒေါ်လာသုံးသန်းကျော် ရင်းနှီးမြှုပ်နှံကာ အီရတ်နိုင်ငံတွင် ပထမဆုံးသော နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံကို ဖွင့်လှစ်လိုက်ကြောင်း အီရန်အရာရှိတစ်ဦးကပြောကြားသည်။

**ထုတ်လုပ်**

အဆိုပါ စက်ရုံက နေ့စဉ်နို့ထွက်ပစ္စည်းတန်ချိန် ၅၀ ထုတ်လုပ်ပေးနိုင်ကြောင်း ဟာမီဒန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးအဖွဲ့ဥက္ကဋ္ဌ မိုဟာမက်ဖါရှိချီက ပြောကြားသည်။

စက်ရုံကို အီရန်ပုဂ္ဂလိကကုမ္ပဏီက မတည်ပြီး အီရတ်မြို့ကြီးငါးမြို့သို့ ဖြန့်ဖြူးရန် စီစဉ်ထားသည်။ စက်ရုံတွင် အီရန်ကျွမ်းကျင်ပညာရှင် ၁၂ဦးနှင့် အီရတ်အလုပ်သမား ၃၃ဦးတို့က လုပ်ငန်းများလည်ပတ်ရေး လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**(အင်တာနက်)**

# ဘဂ္ဂဒက်ရှိ အမေရိကန်နှင့် ဗြိတိန်သံရုံး စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲ

*ဘဂ္ဂဒက် ဩဂုတ် ၂၄*

*ဘဂ္ဂဒက်မြို့တော် ဂရင်းဇုန်အတွင်းတည်ရှိသည့် အမေရိကန်သံရုံးအနီးတွင် ဩဂုတ် ၂၃ရက် မွန်းလွဲပိုင်းက စိန်ပြောင်းကျည်သုံးခုကျရောက်ကြောင်း ဒီပီအေသတင်းဌာနက ကြေညာသည်။ သို့သော် ထိခိုက်ဒဏ်ရာရမှု သတင်းများမကြားရသေးဟု ဆိုသည်။*

*ပြောကြား*

*ဗြိတိန်သံရုံးအနီးတွင်လည်း ထိုအချိန်က စိန်ပြောင်းကျည်တစ်ခုကျရောက်ပေါက်ကွဲကြောင်း အမည်မဖော်လိုသူအရာရှိက ပြောကြားသည်။*

*ယင်းသို့ တိုက်ခိုက်အပြီးတွင် အမေရိကန်နှင့် အီရတ်ရဟတ်ယာဉ်များက ထိုဒေသတစ်ဝိုက်တွင် အနိမ့်မှပျံဝဲလျက် လုံခြုံရေးစောင့်ကြပ်နေကြောင်း အဆိုပါရဲအရာရှိက ထပ်မံ ပြောကြားသည်။*

*အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန်သံရုံးနှင့် ဗြိတိန်သံရုံးတို့မှာ လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ၏ စိန်ပြောင်းပစ်ခတ်ရန် ပစ်မှတ်များဖြစ်လျက်ရှိကြောင်း အီရတ်ရဲတပ်ဖွဲ့ အရာရှိတစ်ဦးက ပြောကြားသည်။ (အင်တာနက်)*

ရုရှားအာကာသယာဉ်မှူး အလက်ဇန္ဒြားကယ်ရီ မော်စကိုမြို့ လေ့ကျင့်ရေးစခန်း၌ နိုင်ငံတကာ အာကာသ စခန်းသို့ မသွားမီ လေ့ကျင့်မှုများ ပြုလုပ်နေသည်ကို ဩဂုတ် ၂၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)




# ဆူဒန်အနောက်ပိုင်း မိုးသည်းထန်စွာရွာသွန်း ရေကြီးမှုဖြစ်ပေါ်၍ ၃၂ဦးသေဆုံး

**ခါတွန် ဩဂုတ် ၂၄**

ဆူဒန်နိုင်ငံအနောက်ပိုင်း ကော်ဒိုဖန်ပြည်နယ်၌ မိုးသည်းထန်စွာရွာပြီး ရေကြီးခဲ့သဖြင့် သေဆုံးသူ ၃၂ဦးရှိပြီး ၁၈ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဆူဒန်သတင်းအေဂျင်စီက ကြေညာသည်။

**ပျက်စီး**

အဆိုပါရေကြီးခဲ့မှုကြောင့် နေအိမ် ၈၈၆လုံး ပြိုကျသွားခဲ့ကြောင်း၊ နေအိမ် ၁၁၀၀၀ကျော်မှာလည်း ပျက်စီးခဲ့ရကြောင်း သိရသည်။ ယင်းရေကြီးမှုကြောင့် ကျွဲ၊ နွားကောင်ရေ ၅၀၀၀ခန့် သေဆုံးပြီး သီးနှံစိုက်ခင်းများလည်း ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ဆူဒန်သတင်း အေဂျင်စီက ကိုးကားဖော်ပြသည်။ အီသီယိုးပီးယား ကုန်းမြင့်ဒေသ၌ မိုးများ အဆက်မပြတ်ရွာသွန်းခဲ့ရာ နိုင်းမြစ်ရေသည် ၁၇မီတာ မြင့်တက်ကာ ခါတွန်မြို့အနီးသို့ ရောက်ခဲ့သည်ဟုဆိုသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



**ဘယ်လ်ဂျီယံနိုင်ငံ ဟော့တွန်မြို့၌ မိုးပျံပူဖောင်း ပွဲတော်ကျင်းပနေသည်ကို ဩဂုတ် ၂၄ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

# တူရကီ၌ ဖြစ်ပွားသည့်တိုက်ပွဲများ ရာစုနှစ် နှစ်စုအတွင်း လူပေါင်း ၄၀၀၀၀ခန့်သေဆုံး

**အန်ကာရာ ဩဂုတ် ၂၄**

တူရကီနိုင်ငံ အရှေ့တောင်ပိုင်း၌ ဩဂုတ် ၂၃ရက်က တူရကီလုံခြုံရေးတပ်ဖွဲ့နှင့် ပီကေကေ လက်နက်ကိုင်များဖြစ်ပွားသည့်တိုက်ပွဲ၌ ပီကေကေအလုပ်သမားပါတီမှ သူပုန်လေးဦး သေဆုံးကြောင်း ပြည်နယ်ရုံးအဖွဲ့က သတင်းထုတ်ပြန်သည်။

**သေဆုံး**

ယင်းနေ့ နံနက်ပိုင်းက ဟက်ကာရီပြည်နယ် အက်ခ်တူတန်ဒေသအနီး၌ တူရကီတပ်ဖွဲ့နှင့် ပီကေကေလက်နက်ကိုင်တို့ အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ ပီကေကေသူပုန်လေးဦး အပါအဝင်အမျိုးသမီး နှစ်ဦး သေဆုံးပြီး အလားတူ တူရကီ တပ်ဖွဲ့ဝင်တစ်ဦး ကျဆုံးခဲ့သည်ဟု အာဏာပိုင်အဖွဲ့က ပြောကြားသည်။

**ဖော်ပြ**

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ပီကေကေ အခြေစိုက်နေရာကို လေကြောင်းမှ တိုက်ခိုက်မှုများနှင့် တူရကီနိုင်ငံ အရှေ့တောင်ပိုင်း၊ အရှေ့ပိုင်းတို့တွင် မကြာခဏ တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ ရာစုနှစ် နှစ်စုအတွင်း သေဆုံးသူပေါင်း ၄၀၀၀၀ခန့် ရှိသွားပြီဟု အဆိုပါ သတင်း၌ ဖော်ပြသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

25-8 (11).pmd 1 8/25/2010, 2:50 AM

# အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲ စင်ကာပူတတိယလုမည် ဟေတီနှင့် ဘိုလစ်ဗီးယား ဗိုလ်လုပွဲတွင်ဆုံတွေ့

စုစည်းရေးသားသူ - အာကာကျော်၊ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

စင်ကာပူ ဩဂုတ် ၂၄

**၂၀၁၀လူငယ်အိုလံပစ်အားကစားပြိုင်ပွဲများ ဩဂုတ် ၂၄ရက်က စင်ကာပူနိုင်ငံ၌ ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ဟေတီလူငယ်ဘောလုံးအသင်းက စင်ကာပူလူငယ်ဘောလုံးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**

စင်ကာပူလူငယ်များ ဂိုးသွင်းခွင့်အချို့ရခဲ့သော်လည်း ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပေ။ ဟေတီအသင်းအတွက် အဖွင့်ဂိုးကို ပတ်ဝမ့်ဆင်းက ပွဲချိန် ၃၇မိနစ်တွင် စတင်သွင်းယူခဲ့သည်။ ဟေတီအသင်းသည် ယင်းဂိုးကြောင့် ပထမပိုင်းပြီးသည်အထိ စင်ကာပူအသင်းကို ဦးဆောင်ကစားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဟေတီလူငယ်များက ယုံကြည်မှုအပြည့်အဝရှိလာပြီး စင်ကာပူနောက်တန်းကို ခြိမ်းခြောက်ကစားနိုင်ခဲ့သည်။ ဒုတိယပိုင်း ပြန်စပြီး မကြာမီ ဂျိမ်းစ်သောမက်စ်က ဟေတီအသင်းအတွက် ဒုတိယအနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲပြီးသည်အထိ စင်ကာပူလူငယ်များ ချေပဂိုး မသွင်းနိုင်ခဲ့၍ ဟေတီလူငယ်များက နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

## တတိယနေရာလုပွဲ

စင်ကာပူလူငယ် ဘောလုံးအသင်းသည် ဩဂုတ် ၂၅ရက်တွင် ဘိုလစ်ဗီးယားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည့် မွန်တီနီဂရိုးအသင်းနှင့် တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ ဗိုလ်လုပွဲတွင် ဟေတီလူငယ်နှင့် ဘိုလစ်ဗီးယားအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

## အမျိုးသားမီတာ ၁၀၀

အမျိုးသားမီတာ ၁၀၀ပြေးပွဲတွင် ဂျမေကာနိုင်ငံမှ အိုဒိန်းစကင်းက စံချိန် ၁၀ဒသမ ၄၂စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲကာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ မာဆာကီနာရိုမိုတိုက စံချိန် ၁၀ဒသမ ၅၁ စက္ကန့်ဖြင့် ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ တတိယဆုကို ဗြိတိန်မှ ဒေးဗစ်ဆိုလာရင်ဝါက ဆွတ်ခူးနိုင်ခဲ့သည်။

## ကျွမ်းဘား

အမျိုးသား ကျွမ်းဘားပြိုင်ပွဲတွင် ဗြိတိန်မှ ဆမ်အိုဟမ်းက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် ရမှတ် ၁၄ဒသမ ၃၇မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။



၂၀၁၀ လူငယ်အိုလံပစ် အားကစားပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ဟေတီနှင့် စင်ကာပူလူငယ်များ ဤသို့ အကြိတ်အနယ်....။

## တန်းကျော်ပြေးပွဲ

အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြေးပွဲတွင် ဂျမေကာနိုင်ငံမှ စတီဖန်ဖာနယ်က စံချိန် ၁၃ဒသမ ၅၄စက္ကန့်၊ ဩစတြေးလျနိုင်ငံမှ နီကိုလက်ဟုတ်က စံချိန် ၁၃ဒသမ ၃၇စက္ကန့်၊ တရုတ်နိုင်ငံမှ ဒေါင်ကျန်ဝမ်းက စံချိန် ၁၃ဒသမ ၄၁စက္ကန့်၊ ဖင်လန်နိုင်ငံမှ ဂျပ်စီကန်နီဗိုက စံချိန် ၁၃ဒသမ ၈၁စက္ကန့်ဖြင့် အသီးသီးစံချိန်သစ်များ တင်နိုင်ခဲ့ကြသည်။

## အမျိုးသမီးပြိုင်ပွဲ

အမျိုးသမီးပြိုင်ပွဲ၌ ရုရှားမှ မာရီယာကူချီနာက အမြင့်ခုန်တွင် ရွှေတံဆိပ်၊ မီတာ ၂၀၀ပြေးပွဲတွင် နိုင်ဂျီးရီးယားမှ ဖလောရင့်ဝါကွီက ရွှေတံဆိပ်၊ မီတာ ၃၀၀၀ ပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ ဂလာဒီချီဇာက ရွှေတံဆိပ် အသီးသီး ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

## အလျားခုန်

အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် ဘရာဇီးမှ ဆန်တို့စ်က ရွှေတံဆိပ်၊ အာဂျင်တီးနားမှ တိုလီဒိုက ငွေတံဆိပ်နှင့် ပိုလန်မှ ခရစ္စတီးက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ အမျိုးသား မီတာ ၂၀၀ပြေးပွဲတွင် တရုတ်မှ ဇီကျန်ရီက ရွှေတံဆိပ်၊ မီတာ ၂၀၀၀ပြေးပွဲ၌ အီရီထရီးယားမှ အော့စမန်းက ရွှေတံဆိပ်၊ မီတာ ၁၀၀၀၀ လမ်းလျှောက်ပြိုင်ပွဲ၌ ယူကရိန်းမှ အီဂေါယာချန်ကိုက ရွှေတံဆိပ် အသီးသီး ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ။

**ကိုးကား - အင်တာနက်**



၂၀၁၀ လူငယ်အိုလံပစ် အားကစားပြိုင်ပွဲ အမျိုးသား မီတာ ၁၀၀ ပြေးပွဲတွင် ဂျမေကာနိုင်ငံမှ **အိုဒိန်းစကင်း** (လယ်) ပန်းဝင်လာသည်ကို ဤသို့ တွေ့ရသည်။

မြင့်မောင်စိုး - ရေးသားသည်

# မန်စီးတီးအိမ်ကွင်း၌ ခြေစွမ်းပြ လီဗာပူးကို ဂိုးပြတ်သွင်းယူ

လန်ဒန် ဩဂုတ် ၂၄

ပရီမီယာလိဂ်လက်ကျန်ပွဲစဉ် (၂)အဖြစ် မန်စီးတီးနှင့် လီဗာပူးတို့ ဩဂုတ် ၂၃ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာတွင် မန်စီးတီးက အိမ်ကွင်း၌ သုံးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။

မန်စီးတီးအသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၃မိနစ်တွင် အက်စ်တွန်ဗီလာမှ ပြောင်းလာသည့် ဂျိမ်းစ်မီလ်နာက အကွက်ဆင်ဖန်တီးပေးလိုက်ရာ ဂါးရက်ဘာရီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယင်းနောက် တိုက်စစ်မှူး ကားလို့တီဗက်ဇ်က အနီးကပ်ဂိုးဖြင့် မန်စီးတီးအသင်းအတွက် ဒုတိယအနိုင်ဂိုး သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်ကန်သွင်းသည့်ဘောလုံးမှာ တိုင်ထိသွား၍ လီဗာပူးတို့ ချေပဂိုးနှင့် လွဲခဲ့ရသည်။ ဒေးဗစ်အင်န်ဂေါ့နှင့် တောရက်စ်တို့၏ အပိုင်ကန်သွင်းယူမှုများကိုလည်း မန်စီးတီးဂိုးသမား ဂျိုးဟတ်ကာကွယ်ပေးနိုင်ခဲ့သည်။ ပွဲချိန် ၆၈မိနစ်တွင် တိုက်စစ်မှူး တီဗက်ဇ်က ပယ်နယ်တီမှတစ်ဆင့် တတိယဂိုးသွင်းယူနိုင်ခဲ့သည်။ မန်စီးတီးတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် တစ်ပွဲသရေ၊ တစ်ပွဲနိုင်ဖြင့် လေးမှတ်ရရှိထားသည်။ **(အင်တာနက်)**



မန်စီးတီးအတွက် အဖွင့်ဂိုးကို ဂါးရက်ဘာရီက ဤသို့သွင်းယူခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

# စင်စင်နာတီမာစတာဖလား ရော်ဂျာဖက်ဒဲယားဆွတ်ခူး

စင်စင်နာတီ ဩဂုတ် ၂၄

**ကမ္ဘာ့နံပါတ်(၂) တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် စင်စင်နာတီမာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် အမေရိကန်တင်းနစ်ကစားသမား မာဒီဖစ်ချ်အား ၆-၇ (၅-၇)၊ ၇-၆ (၇-၁)၊ ၆-၄ ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားသည်။**



## ဆွတ်ခူး

**ယင်းပြိုင်ပွဲ၌ ရော်ဂျာဖက်ဒဲယား ဖလားဆွတ်ခူးနိုင်မှုမှာ ဇန်နဝါရီလက ဩစတြေးလျ အိုးပင်းဖလားဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းအနေဖြင့် စင်စင်နာတီဖလားဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် ဩဂုတ် ၃၀ရက်တွင် စတင်မည့် ယူအက်စ်အိုးပင်းဖလားပြိုင်ပွဲအတွက် ယုံကြည်မှု အားကောင်းစေခဲ့သည်။ ဆွီဒင်တင်းနစ် ကစားသမား ဖက်ဒဲယားသည် ယခုပြိုင်ပွဲတွင် စင်စင်နာတီဖလားဆွတ်ခူးနိုင်ခဲ့ခြင်းမှာ စတုတ္ထအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။** (အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရဖောင်ပိတ်သတင်း

# တရုတ်ခရီးသည်တင် လေယာဉ်ပျက်ကျ ၄၃ဦးသေပြီး ၅၃ဦး ဒဏ်ရာရ

➤ ကောင်းမြတ်သူ - စုစည်းသည် ➤

ဟာဘင် ဩဂုတ် ၂၄

ဩဂုတ် ၂၄ရက်က တရုတ်နိုင်ငံ ဒေသစံတော်ချိန် ည ၁၀နာရီ ၁၀မိနစ်တွင် ဟေလုံကျန့်ပြည်နယ် ဟာဘင်မြို့မှ ထွက်ခွာလာသော ခရီးသည် ၉၆ဦး တင်ဆောင်လာသည့် ခရီးသည်တင် လေယာဉ်တစ်စင်းသည် ၎င်းပြည်နယ် ယီချွန်းမြို့ လင်ဒူးလေဆိပ်သို့ အဆင်း၌ ပြေးလမ်းချော် ပျက်ကျခဲ့ကြောင်း ၎င်းပြည်နယ် ရုပ်မြင်သံကြားဌာနက ကြေညာခဲ့သည်။ အဆိုပါလေယာဉ်သည် ဟီနန်လေကြောင်းလိုင်းပိုင် ဘရာဇီးနိုင်ငံလုပ် E-၁၉၀ ဂျက်လေယာဉ်ဖြစ်ပြီး ဟာဘင်လေဆိပ်မှ ဒေသစံတော်ချိန် နံနက် ၉နာရီတွင် စတင်ပျံသန်းခဲ့ကြောင်း၊ လေယာဉ်ပျက်ကျရာတွင် ခရီးသည်၄၃ဦး သေဆုံးပြီး ၅၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယီချွန်းမြို့တော်မှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ဩဂုတ် ၂၅ရက် နံနက်တွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (ဆင်ဟွာ)




# ဒေါက်တာခင်မျိုးဟန်၏ သားသားမီးမီးတို့ ဖြစ်တတ်သောရောဂါများ-၂စာအုပ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မျိုးဟန်၏ သားသားမီးမီးတို့ ဖြစ်တတ်သောရောဂါများ-၂ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ယာပုံ)**



## ထုတ်ဝေ

စာရေးသူအနေဖြင့် ကလေးကျန်းမာရေးဆိုင်ရာ (သားသားမီးမီးတို့ ကျန်းမာသန်စွမ်းဖို့)နှင့် (သားသားမီးမီးတို့ ဖြစ်တတ်သောရောဂါများ-၁) ဆိုသည့် စာအုပ် နှစ်အုပ်ကို ထုတ်ဝေပြီးဖြစ်သည်။

## တင်ပြပေးထား

ယခုစာအုပ်တွင် ရောဂါအမျိုးအစားအလိုက် အသက်ရှူလမ်းကြောင်းအတွင်း ရောဂါများ၊ အူလမ်းကြောင်းအတွင်း ရောဂါများ၊ အာဟာရဆိုင်ရာရောဂါများ၊ ဆီးနှင့်ကျောက်ကပ်ရောဂါများ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများ၊ မျိုးရိုးလိုက် ရောဂါများ၊ ဗိုင်းရပ်စ်ရောဂါများ၊ အရေပြားရောဂါများ၊ သွေးလွန်တုပ်ကွေးဟူ၍ တင်ပြပေးထားသည်။

## ဆွေးနွေးတင်ပြ

ယခင်စာအုပ်နှစ်အုပ်တွင် မပါဝင်သေးသော ရောဂါအမျိုးအစားများဖြစ်ပြီး ရင်သွေးငယ်တိုင်း တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်တတ်၊ ကြုံတတ်သော ရောဂါများနှင့် ရှောင်လွှဲမရသည့် ထိုရောဂါများဖြစ်လာလျှင် မည်သည့်ရောဂါအတွက် မည်သို့ ကာကွယ်စောင့်ရှောက်သင့်ပုံ၊ ကြိုတင်ကာကွယ်သင့်ပုံတို့ကို မိဘအုပ်ထိန်းသူများ ကျန်းမာရေးအသိနှင့်ယှဉ်ပြီး ပြုစုစောင့်ရှောက်နိုင်စေရန် ရေးသားထားသော စာအုပ် ဖြစ်သည်။ ကလေးသူငယ်များတွင် အဖြစ်များတတ်သော ရောဂါများမို့ မထူးဆန်းပါဟုဆိုကာ အလေးမထား ခပ်ပေါ့ပေါ့ သဘောထားခဲ့ပါက နောက်ဆက်တွဲ ရောဂါဝေဒနာများ ဝင်လာပြီး အသက်အန္တရာယ်စိုးရိမ်ရသည်အထိ ဖြစ်နိုင်ပုံများကို စာရေးသူက မိမိအတွေ့အကြုံများနှင့်ယှဉ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြပေးထားသည်။

## ဖြန့်ချိ

သားသမီးရင်သွေးရှိသော မိဘအုပ်ထိန်းသူတို့၏ အနီးတွင် ဆရာဝန်တစ်ဦးရှိသည့်ပမာ လက်စွဲပြုရမည့် ဤစာအုပ်ကို Wisdom House အမှတ် ၁၀၁ တိုက် ၁၁၉၁-၁၁၉၂ လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၀၅၈၅၃၃ က ဖြန့်ချိပြီး စာအုပ်တန်ဖိုး ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

25-8 (12).pmd 1 8/25/2010, 2:50 AM

# ပျော်ဘွယ်မြို့နယ်မှ နတ်ကာရေလှောင်တမံ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - ခင်မောင်သန်း (စက်မှု)၊ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

နေပြည်တော် ဩဂုတ် ၂၄

**လယ်ယာစိုက်ပျိုးရေးသည် နိုင်ငံတော်၏ ကြီးမားသော ကုန်ထုတ်လုပ်မှုကဏ္ဍကြီးဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကြီးလည်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရေသယံဇာတ၊ မြေသယံဇာတများကို စဉ်ဆက်မပြတ် စူးစမ်းလေ့လာလျက်ရှိသည်။**

ယခုအခါ နတ်ကာရေလှောင်တမံကို မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မဲဒီးကျေးရွာအနီး နတ်ကာချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည်။ လက်ရှိ ယင်းတော်ကန်တွင် ရေသိုလှောင်နိုင်မှု ပမာဏ ဧကပေ ၂၆၀၀ထက် ပိုသောရေများကို ရေပိုလွှဲမှတစ်ဆင့် လျှံရေများအား နတ်ကာရေလှောင်တမံတွင် စုဆောင်းသိုလှောင်၍ သီးနှံဧရိယာဧက ၁၂၀၀ ကျော်ကို ဆည်ရေ ပေးဝေသွားမည်ဖြစ်သည်။



## စီမံကိန်းနယ်မြေ

မိမိတို့သတင်းအဖွဲ့သည် နေပြည်တော်မှ ပျော်ဘွယ်မြို့နယ်သို့ ထွက်ခွာလာခဲ့သည်။ ပျော်ဘွယ်မြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုကိုမင်းနှင့် ဦးစီးမှူး ဦးထွန်းမြတ်တို့ လိုက်ပါလာပြီး နတ်ကာရေလှောင်တမံ စီမံကိန်းနယ်မြေသို့ ရန်ကုန်-မန္တလေး ကားလမ်းမကြီးအတိုင်း ထွက်ခွာလာခဲ့ရာ မိုင်တိုင် (၃၂၄)မှ အနောက်ဘက်သုံးမိုင်ဝင်လာပါက အဆိုပါ ဆည်၏ တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရှိရသည်။

## ပါဝင်

နတ်ကာချောင်းသည် တဲလေးပင်အုပ်စု အိုင်တိုရွာအနောက်ဘက် ရေဘုတ်တောင်တန်းမှ စတင်စီးဆင်းလာပြီး ယင်းတော်ကန်ထဲသို့ စီးဝင်သွားကြောင်း သိရှိရသည်။ နတ်ကာ ရေလှောင်တမံ ရေသောက်ဧရိယာများတွင် ဒဟတ်ကုန်း၊ စည်ပင်သာ၊ ကံပြား၊ ကံဆွယ်ရွာများ ပါဝင်ပြီး စပါး၊ နေကြာ၊ ပဲတီစိမ်း၊ ကုလားပဲနှင့် ဆောင်းရာသီတွင် ငွေချည်(၆)ကို စိုက်ပျိုးကြသည်။ ထိုတမံ၏ ရေသောက်ဧရိယာတွင် တောင်ဖီလာ၊ မဲဒီး၊ မင်းတဲကုန်း၊ ညောင်ကုန်းနှင့် ငန့်ဇင်ကျေးရွာများလည်း ပါဝင်ကြသည်။

## ရှင်းလင်းပြသ

နတ်ကာရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ၂၀၀၉ခုနှစ် နိုဝင်ဘာလက စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ နတ်ကာရေလှောင်တမံနှင့်ပတ်သက်၍ ဦးစီးအရာရှိက ရှင်းလင်းပြသရာတွင် ပျော်ဘွယ်မြို့နယ်၊ မဲဒီးကျေးရွာအနီးတွင် နတ်ကာချောင်းကို အလျား ၃၄၂၅ပေ နှင့် အမြင့် ၈၅ပေရှိသော မြေသားတမံဖြင့်ပိတ်ပြီး တမံထိပ်အကျယ်မှာ ၂၄ပေရှိမည် ဖြစ်ကြောင်း၊ တမံရေပြည့်အနက် ၇၂ပေနှင့် ရေပြည့်ရေလှောင်ပမာဏဧကပေ ၅၀၀၀ ရှိ၍ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေသည် ဧကပေ ၈၂၀ ရှိကြောင်း ရှင်းလင်းပြသသည်။

### စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်

နတ်ကာရေလှောင်တမံ တည်ဆောက်ရာတွင် စက်ယန္တရားကြီးများဖြင့် တောရှင်းခြင်းနှင့် မြေကြီးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

### တောရှင်းခြင်းလုပ်ငန်း

ပျော်ဘွယ်မြို့နယ် နတ်ကာရေလှောင်တမံကို တည်ဆောက်လျက်ရှိရာ တောရှင်းခြင်းလုပ်ငန်းများအတွက် စက်ယန္တရားကြီးဖြင့် ဆောင်ရွက်ကြစဉ်။



## သံကူကွန်ကရစ်အမျိုးအစား

ရေပိုလွှဲသည် သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အကျယ် ပေ ၆၀ ရှိသည်။ ရေထုတ်ပြွန် အမျိုးအစားသည် သံကူကွန်ကရစ်ဖြစ်ပြီး အကျယ် ၃ပေ× ၃ပေဖြစ်သည်။ နတ်ကာရေလှောင်တမံ တည်ဆောက်မှု အကောင်အထည်ဖော်ရာတွင်-

၁။ အကြိုတည်ဆောက်မှုလုပ်ငန်း
၂။ ပင်မမြေသားတမံ တည်ဆောက်မှုလုပ်ငန်း
၃။ ရေထုတ်ပြွန် တည်ဆောက်မှုလုပ်ငန်း
၄။ ဆည်ရေသောက်စနစ် တည်ဆောက်မှုလုပ်ငန်းများ ပါဝင်သည်။

## ဆည်ရေပေးဝေနိုင်

နတ်ကာရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ရေထုတ်အဆောက်အအုံမှ တစ်ဆင့် တူးမြောင်းမကြီး၊ ထိုမှတစ်ဆင့် လယ်ကြား မြောင်းများမှ လယ်မြေဧရိယာ ဧက၁၂၀၀ကျော် ဆည်ရေပေးဝေနိုင်ပြီး စပါးနှင့် မိုးကြိုချည်မျှင်ရှည်ဝါ၊ မိုးကြိုနှမ်းများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ကြကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။ အညာဒေသ၏ ရွှေမလို ရေကိုသာလိုချင်ပါသော ဆန္ဒနှင့်အညီ ဆည်တမံများ တစ်ခုပြီးတစ်ခု ပေါ်ထွက်လာခဲ့ရာ ဆည်တမံများ၏ ကျေးဇူးကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



### မြေကြီးလုပ်ငန်း ဆောင်ရွက်

နတ်ကာရေလှောင်တမံတွင် မြေကြီးလုပ်ငန်းများကို စက်ယန္တရားကြီးဖြင့် ဆောင်ရွက်ကြစဉ်။

**(မြန်မာ့အလင်း)**

# မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တက်ရောက်

နေပြည်တော် ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီး (စည်ပင်သာယာနယ်မြေ) မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၁၉ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၌ ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ တက်ရောက်ကြသည်။

## စုပေါင်းစိုက်ပျိုး

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က ပိန္နဲပင်များကို စိုက်ပျိုးပေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် မြို့တော်ဝန်သည် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

## မှာကြားဖြည့်ဆည်း

ထိုမှတစ်ဆင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အောင်မြင် UPVC ပိုက်စက်ရုံသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဇူလိုင် ၂၅ရက်က ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် စုပေါင်းသစ်ပင်စိုက်ပျိုး

မန္တလေး ဩဂုတ် ၂၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃၀ရက် နံနက် ၇နာရီခွဲက တက္ကသိုလ်ပန်းဥယျာဉ်၌ ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်းနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ တက္ကသိုလ်စိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌ အင်္ဂလိပ်စာဌာနတွဲဖက်ပါမောက္ခ ဦးဇော်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀ ကျော်ခန့်က သပြေပင်၊ ယိုးဒယားသပြေပင်၊ ကံ့ကော်ပင်၊ သရက်ပင်၊ ခရေပင်၊ ပုန်းညက်ပင်၊ ငုပင်၊ စိန်ပန်းပင်၊ တရုတ်စံကားပင်၊ တည်ပင်နှင့် ပိန္နဲပင်စသည့် အပင်အမျိုးအစား ၁၁မျိုး၊ စုစုပေါင်း အပင်၁၁၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# နို့စားနွားမွေးမြူရေးလုပ်ငန်း တောင်ကြီး၌ ဖွံ့ဖြိုးတိုးတက်

တောင်ကြီး ဩဂုတ် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မွေးမြူရေးနှင့် ကုသမှုဦးစီးဌာနသည် နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လအထိ ဂျာမနီ မေထုန်မဲ့သားစပ်နည်းဖြင့် ဒေသနွားမျိုး အကောင်၅၀ကို သားစပ်ပေးခဲ့သည်။ ထိုသို့ သားစပ်ပေးသဖြင့် ဖရီရှန်နို့စားနွားမလေးများ စဉ်ဆက်မပြတ် မွေးဖွားလျက်ရှိရာ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်မှ ဦးကန်ချားပိုင် နွားမကြီးက ဩဂုတ် ၇ရက်တွင် ဖရီရှန်နွားမလေးတစ်ကောင် ထပ်မံမွေးဖွားခြင်းကြောင့် နို့စားနွားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၁၈၈)

## သမိုင်းဝင်သုတ

တိုး-ရေးသားသည်

# ဂရိသင်္ချာပညာရှင်ကြီး ယူကလစ်

(ဘီစီ ၃၀၀ ဝန်းကျင်)



ယူကလစ် သို့မဟုတ် အလက်ဇန္ဒြီးယားမြို့သား ယူကလစ်သည် ဂရိသင်္ချာပညာရှင်ကြီးဖြစ်သည်။ သူ့ကို ဂျီဩမေတြီသင်္ချာပညာရပ်၏ ဖခင်ကြီးဟု မကြာခဏ ကင်ပွန်းတပ်၍ ခေါ်ကြသည်။

**တက်ကြွ**

ယူကလစ်သည် တိုလေမီဘုရင် (၃၂၃-၂၈၃ ဘီစီ) လက်ထက်၌ အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယားမြို့တွင် ဆရာတစ်ဆူအဖြစ် တက်ကြွခဲ့သည့် ပညာရှင်တစ်ဦး ဖြစ်သည်။

**ရပ်တည်ခဲ့**

ယူကလစ်၏ ဂျီဩမေတြီအခြေခံများစာအုပ်သည် သင်္ချာသမိုင်းတွင် သြဇာအရှိဆုံး လက်ရာတစ်ခုဖြစ်ခဲ့သည်။ ဂျီဩမေတြီအခြေခံများစာအုပ်ကို ယူကလစ်က ဂရိဘာသာဖြင့် ရေးသားခဲ့သော်လည်း ဘာသာပေါင်းစုံသို့ ပြန်ဆိုခဲ့ရကာ အကြိမ်ပေါင်း တစ်ထောင်ကျော်မျှ အခြားသော ဂျီဩမေတြီ စာအုပ်များ၏ စံနမူနာအဖြစ် ရပ်တည်ခဲ့သည်။

ယူကလစ်၏ ဂျီဩမေတြီအခြေခံများစာအုပ်သည် ပြင်ညီနှင့် ထုလုံးဆိုင်ရာ ဂျီဩမေတြီစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။ အက္ခရာနှင့် ကိန်းဂဏန်းသီအိုရီအပိုင်းများစွာလည်း ပါရှိသည်။

**လက်စွဲစာအုပ်**

ယင်းစာအုပ်သည် ကျောင်းသုံးစာအုပ်အဖြစ် နှစ်ပေါင်းနှစ်ထောင်ကျော်မျှ သုံးစွဲခဲ့ရာ ပေါ်ခဲ့သမျှတွင် အအောင်မြင်ဆုံး လက်စွဲစာအုပ်ဖြစ်သည်။

ယူကလစ်သည် ဂျီဩမေတြီအခြေခံများစာအုပ်အပြင် အခြားသော သင်္ချာစာတမ်းများကိုလည်း ရေးသားခဲ့ရာ စာအုပ်ငါးအုပ်ခန့်ရှိသည်။ ယူကလစ်နှင့်ပတ်သက်၍ ရည်ညွှန်းဖော်ပြမှုအနည်းငယ်သာရှိသဖြင့် သူ့ဘဝဇာတ်ကြောင်းကို ပြည့်ပြည့်စုံစုံမသိရပေ။ သူသက်ရှိထင်ရှားရှိပြီးနောက် ရာစုနှစ်များချီပြီးမှ သူ့ကိုရည်ညွှန်း၍ ရေးသားရခြင်းကြောင့်လည်း သူသည် မည်သည့်အချိန်မွေး၍ မည်သည့်အချိန်တွင် ကွယ်လွန်သည်ကိုလည်း အတိအကျမသိရတော့ပေ။

မည်သို့ပင်ဖြစ်စေ ဆာအိုက်ဇက်နယူတန်က သူ၏ ပရင်စီပီယာကျမ်းကြီးကို ရေးသားရာ၌ ယူကလစ်၏ သြဇာမကင်းကြောင်း တွေ့ရသည်။ ရပ်ဆယ်နှင့် ဗိုက်ဟက်ကဲ့သို့သော သင်္ချာပညာရှင်ကြီးများနှင့် စပင်အိုဇာကဲ့သို့သော တွေးခေါ်ပညာရှင်ကြီးတို့အပေါ် ယူကလစ်၏ သြဇာကြီးမားကြောင်းကိုလည်း သူတို့၏ တွေ့ရှိထုတ်ဖော်ချက်များက ဖော်ပြနေကြောင်းတွေ့ရှိရသည်။

(အင်တာနက်)



# ကျန်းမာရေးအသိပညာပေးဟောပြောပွဲ

## နေပြည်တော်ခရိုင်တပ်ကုန်းမြို့နယ်၌ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

နေပြည်တော်ခရိုင်တပ်ကုန်းမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် တိုင်းရင်းဆေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို တပ်ကုန်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ် ၁၉ ရက်မွန်းလွဲ ၁နာရီက ကျင်းပရာ အခမ်းအနားတွင် အထက(၁)ကျောင်းအုပ်ဆရာကြီး ဦးမြင့်ကြည်က အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌကိုယ်စား အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်သန်းသန်းဌေးက ဟောပြောပွဲကျင်းပရခြင်းအကြောင်းကိုပြောကြားသည်။

**ဟောပြော**

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်မာလွင်က မြန်မာတိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများ၊ ဖြစ်လေ့ဖြစ်ထရှိသော ရောဂါများကို တိုင်းရင်းဆေးဖြင့် ကုသပေးခြင်းအကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်သင်းသင်းလှိုင်က ဆယ်ကျော်သက်အရွယ် ကျန်းမာရေးအကြောင်းများကိုလည်းကောင်း ဟောပြောကြသည်။ (အပေါ်ပုံ) (ဝဇာ)



ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်နှင့်အဖွဲ့ ဩဂုတ် ၁၆ရက်က ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည့် ဇကရာဇ်-နှောင်ပတ္တရာကျေးလက်လမ်း ဂဝံလမ်းပေါက်ဖာထေးရန် ကျောက်များစုဆောင်းထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကြံခင်း ဩဂုတ် ၂၀

# ကြံခင်းမြို့နယ်တွင် အာဟာရဖွံ့ဖြိုးရေး

## ရက်သတ္တပတ်များ ကျင်းပ

ဩဂုတ်လတစ်လလုံး ဆောင်ရွက်မည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များဖွင့်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် အထက်တန်းကျောင်းခန်းမ၌ ဩဂုတ် ၁၀ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ဇင်ပြုံးက အာဟာရ ရက်သတ္တပတ်များ ကျင်းပရခြင်းရည်မှန်းချက်များနှင့် မြို့နယ်တွင်း ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။



**တိုက်ကျွေး**

ထို့နောက် အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲဆုရရှိသူ ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပြီး ခြောက်လမှ ငါးနှစ်အထိ ကလေးများကို ဗီတာမင်အေ ဆေးလုံးများ တိုက်ကျွေးကြသည်။ **(အောက်ဝဲပုံ)** ကိုယ်ဝန်ဆောင်များအားလည်း သံဓာတ်ဆေးပြား၊ ဘီဝမ်းအားဆေး၊ တစ်ခါသုံး မွေးဖွားအိတ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **(မြို့နယ်ကျန်းမာရေး)**

## မြို့နယ် သတင်း ထွေလာ

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ

## မော်လမြိုင် အထက(၃)၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၂ရက် နံနက် ၁၀နာရီက မော်လမြိုင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မြတ်ပန်းတော်ဝင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာချိုချိုမြတ်အောင်က အမှာစကားပြောကြားပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင် ယာဉ်ထိန်း (တာဝန်ခံ) ဒုတိယရဲမှူး မြင့်အေးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လက်အချက်ပြစနစ်များကို ရှင်းလင်းဟောပြောကြကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဇာတ်လမ်းခွေနှင့်လက်ကမ်းစာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

**ဟောပြော ပို့ချ**

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်ယာဉ်ထိန်း (တာဝန်ခံ)နှင့် အဖွဲ့ဝင်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲများကို မော်လမြိုင်မြို့ အမှတ်(၂)၊ အမှတ်(၄)၊ အမှတ်(၅)၊ အမှတ်(၁၀) နှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့၌လည်း ဟောပြောပို့ချခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဩဂုတ်လ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၂၉ရက် (တနင်္ဂနွေနေ့) နံနက်၆နာရီတွင် သန်လျင် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)



## ကြံ့ခိုင်မှုစစ်ဆေး

ပိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်၊ ယန္တရားများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ မရှိကို ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ ဩဂုတ် ၇ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)

## ကျိုက်လတ်မြို့နယ် ထားဝယ်မှိုင်းကျေးရွာ၌ဖွင့်

ရန်ကုန် ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ထားဝယ်မှိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ရက် နံနက်က အဆိုပါကျောင်း၌ကျင်းပရာ တိုင်းဒေသကြီး လက်ထောက်ပညာရေးမှူး (စစ်ဆေးရေး) ဦးဝင်းမောင်၊မြို့နယ်ပညာရေးမှူးဒေါ်ခင်ပြုံးညို၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ခင်တို့က အလယ်တန်းကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

(ပညာရေး)



★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၅/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၉၅/၂၀၁၀)
၁၃၇၂ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်)

**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party အား နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ ဇဝလမ်း၊ အမှတ်(၁၆) (၄လွှာ)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party အား ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့် ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ National Development and Peace Party ၏ မှတ်ပုံတင်အမှတ်မှာ (၄၂) ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှရွှေ နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များကို တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

## ကရင်ပြည်နယ် မြဝတီမြို့နယ် အတွင်းကွင်းကလေးဒေသ၌ နယ်ခြားစောင့်တပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ရည်မှန်း၍ အကောင်အထည်ဖော် လုပ်ဆောင်ပေးလျက်ရှိပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာပြီးဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများအား နယ်ခြားစောင့်တပ်များအဖြစ် *စာမျက်နှာ ၇ ကော်လံ ၁* ✻

25-8 (20).pmd 1 8/25/2010, 2:51 AM